မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၂၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၆၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျန်းမာရေးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ ပထဝီဒေသတစ်ခုတည်း၌ ဖြစ်ပွားတတ်ခြင်းမဟုတ် အဓိကစိန်ခေါ်မှု ကျန်းမာရေးကိစ္စများကို ရဲဘော်ရဲဘက်စိတ်ဖြင့် စုပေါင်းကြိုးပမ်းဆောင်ရွက် ဘေးအန္တရာယ်များကို အချင်းချင်းစည်းလုံးညီညွတ်မှုနှင့် အာဆီယံအဖွဲ့က တွန်းလှန်နိုင်မှုကို ပြသ

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး ဒေသတွင်းနိုင်ငံများ ညှိနှိုင်းဆောင်ရွက်ပြီး လိုအပ်သည့်အရင်းအမြစ်များ ပူးပေါင်းစုဆောင်းပြုလုပ်နိုင်မှသာ ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်မည်

ရန်ကုန် ဇွန် ၂၁

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး(The 8 th ASEAN Health Ministers Meeting) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ✡

ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုအတွက် ဆောလျင်စွာ အရေးယူ တုံ့ပြန်ဆောင်ရွက်ရန်နှင့် ကြက်ငှက်တုပ်ကွေး ကမ္ဘာ့ကပ်ရောဂါအသွင် ဖြစ်ပွားပါက ဆောင်ရွက်ရမည့် လုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရန် ကိစ္စများကို ဆွေးနွေးဖော်ထုတ် ဆုံးဖြတ်ကြမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

ဇီဝမျိုးစုံမျိုးကွဲများ အလေးထားထိန်းသိမ်းစောင့်ရှောက်

သက်ရှိသတ္တဝါများသည် ရေ၊မြေ၊တော၊တောင်၊မြစ်၊ချောင်း၊အင်း၊အိုင်၊ပင်လယ်၊သမုဒ္ဒရာ စသည့် သဘာဝပတ်ဝန်းကျင်ကို အမှီပြု၍ အသက်ရှင် ရပ်တည်နေကြရသည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့နေရာဒေသအနှံ့အပြား၌ သစ်တောပြုန်းတီးမှု၊ သဲကန္တာရဖြစ်ပေါ်လာမှု၊ လယ်ယာမြေ အရည်အသွေးနိမ့်ကျမှု၊ မြေပြင်မှ ရေအားလျော့ပါးခန်းခြောက်လာမှု စသည့် သဘာဝ ပတ်ဝန်းကျင် ပျက်ယွင်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ထို့အပြင် နိုင်ငံများစွာတို့၌ ရာသီဥတုပြောင်းလဲမှုများနှင့်အတူ သစ်တောပြုန်းတီးမှုများ၊ ဇီဝမျိုးစုံ မျိုးကွဲများ လျော့နည်းပြုန်းတီး ပျောက်ကွယ်လာမှုများနှင့် တွေ့ကြုံနေကြရသည်။

ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ အပင်၊ သားငှက်တိရစ္ဆာန်မျိုး စုံလင်စွာရှိခြင်းနှင့် အပူပိုင်းသစ်တော၊ တောင်ပေါ် သစ်တော၊ အင်တိုင်းတော၊ ဒီရေတော စသည့် သဘာဝအနေအထားအမျိုးမျိုးတို့ တည်ရှိနေခြင်းပင်ဖြစ်သည်။

တောရိုင်းတိရစ္ဆာန်များအား ၎င်းတို့ကျက်စားရာ မူရင်းဒေသများ၌ သဘာဝအတိုင်း ထိန်းသိမ်း ကာကွယ်နိုင်ရန်နှင့် မျိုးသုဉ်းမည့်အန္တရာယ်အတွက် စိုးရိမ်နေရသော အပင်နှင့်သတ္တဝါများအား ဦးစားပေး ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နယ်မြေ ၄၀ သတ်မှတ်ထားရှိကာ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ အကျယ်အဝန်း ၂၆၁၂၂၈ စတုရန်းမိုင်တွင် တည်ထောင်ပြီးစီးခဲ့သော ဘေးမဲ့တောနှင့် အမျိုးသားဥယျာဉ် အကျယ်အဝန်းမှာ ၅၂၈၃ဒသမ၄၇ စတုရန်းမိုင်ရှိပြီး အဆိုပါ သဘာဝထိန်းသိမ်းရေး နယ်မြေများတွင် အပင်မျိုးစိတ်၇၆၀၀ကျော်၊ သစ်ခွမျိုးစိတ်၈၀၀ကျော်၊ နို့တိုက်သတ္တဝါ၃၅၀၊ တွားသွား သတ္တဝါ၃၀၀၊ ငှက်မျိုးစိတ်၁၀၀၀၊ လိပ်ပြာမျိုးစိတ်၁၂၀၀ကျော်ခန့်ကို ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

အဆိုပါ သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း ကမ္ဘာပေါ်နှင့် မြန်မာနိုင်ငံတွင်ပါ ရှားပါးလာပြီး မျိုးသုဉ်း ပျောက်ကွယ်လုနီးပါးဖြစ်နေသော တိရစ္ဆာန်များဖြစ်သည့် ကျား၊ မိကျောင်း၊ ကြယ်လိပ်၊ မျောက်လွှဲကျော်၊ ဧရာဝတီလင်းပိုင်၊ ရှားပါးငှက်မျိုးစိတ်များဖြစ်သော စွေ့၊ ဘီလုံး၊ နဖားကြူး၊ မျက်ခုံးဖြူ ငှက်ပြာခြောက်၊ ဝတ်ရည်စုပ်ငှက်၊ တောင်ငုံးရင်မဲငှက် စသည်တို့ကို ထိန်းသိမ်းစောင့်ရှောက် ထားကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝတောတောင်များ မပျက်စီးစေရေးအတွက် ရေဝေရေလဲသစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ မျိုးဆက်ပျက်သုဉ်းလုဆဲ တိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင် ဖြစ်ထွန်းနေစေရေး ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောက်ကြီးမြို့နယ် အခြေခံပြီး ဝန်းကျင်ဒေသများ ဖွံ့ဖြိုးအောင်ဆောင်ရွက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာဝိုင်းဝန်းစည်းရုံး

ရန်ကုန် ဇွန် ၂၁

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအမှုဆောင် ဗိုလ်ချုပ်အောင်မင်းတို့သည် ဇွန်၁၉ရက် နံနက်ပိုင်းက ပဲခူးတိုင်း တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်သို့ရောက်ရှိပြီး နယ်မြေခံတပ်ရင်း စုပေါင်းခန်းမ၌ ကျောက်ကြီးတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီးခင်စိုး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝမ်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အသင်းဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ကျောက်ကြီးမြို့နယ်ကို အခြေခံပြီး ပတ်ဝန်းကျင်ဒေသများကိုပါ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ရေးနှင့် ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်စွာ စည်းရုံးဆောင်ရွက်ရေးတို့ မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က နယ်မြေဖွံ့ဖြိုးလာစေရေးအတွက် စည်းရုံးရေးကို ယခုထက်ပိုမို အောင်မြင်စွာ ဆောင်ရွက်သွားရေး အသင်းဝင်များအနေဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို အရင်းခံပြီး နယ်မြေ ဖွံ့ဖြိုးရေးတွင် နယ်မြေခံလူထုနှင့်ပူးပေါင်းပြီး ကျေးလက် ဖွံ့ဖြိုးရေးကိစ္စများတွင် အားကြိုးမာန်တက် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ရေးတို့ မှာကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ကျောက်ကြီးမြို့နယ် သံဘိုကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသူ ကျောင်းသားများအတွက် ကျောင်းသုံးဗလာစာအုပ်များ အသီးသီး ပေးအပ်လှူဒါန်းရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။ ၎င်းနောက် သံဘိုကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၏ ကျောင်းအုပ်ကြီး ဦးစိုးသိန်းက ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းခြင်း အတွက် ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၂-၆-၂၀၀၆
(ကြာသပတေးနေ့)
နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၄၅ ၆။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅း၀၅ ၇။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၂၈)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ကျန်းမာသုတ
- ၁၈။ မေးမြန်းစူးစမ်း
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Czech Republic Vs Italy (Delay)

၂၃-၆-၂၀၀၆ (နံနက်ပိုင်း)

- ၀၁း၃၀ ၁။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Japan Vs Brazil (Live)

ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သင်္ကန်းကြီးပူဇော်မည်

ရန်ကုန် ဇွန် ၂၁

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ=နိ ရန်ကုန်ဌာန၊ တိပိဋက ကျောင်းတော်၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် (၂၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သင်္ကန်းကြီးပူဇော်ပွဲကို (၁၃၆၈ ခု၊ ဝါဆိုလပြည့်ကျော် ၇ရက်) ဇူလိုင် ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီ တွင်ကျင်းပမည်ဖြစ်ရာ ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉ တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက် အမက(၆)ကျောင်းသူကျောင်းသားများအတွက် ရပ်ကွက်မိဘသားစုများ ကိုယ်စား ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်မောင်က ကျောင်းအုပ်ဆရာမကြီးဒေါ်စီစီမြင့်ထံ ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် အလှူငွေကျပ် ၄၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ရန်ကုန် ဇွန် ၂၁

၂၀၀၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လှိုင်လင်ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး၍ မိုးရာသီ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲကို ဇွန် ၁၀ ရက်က လှိုင်လင်မြို့အဝင် ဂေါက်ကွင်းအနီး၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ထွေးထွေးလှနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းငွေဌေးတို့ဦးဆောင်၍ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင်များကို တပျော်တပါး စိုက်ပျိုးပေးသည်။

(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

(၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေး ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့်သံရုံး ယာယီတာဝန်ခံများ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့် အရာရှိကြီးများနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် သတင်းထောက်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်မြင်(အင်္ဂလိပ်)ဌာနခွဲမှ ဦးစီးအရာရှိ(သတင်း) ဒေါ်သီတာဆွေက (၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနား စတင်ကြောင်းကြေညာသည်။

စတင်ဖွင့်လှစ်

ထို့နောက် မြန်မာ့ရိုးရာ တူရိယာစောင်းဖြင့် ငြိမ့်ညောင်းသာယာစွာ တီးခတ်ပြီး ဖွင့်ပွဲအခမ်းအနားကို စတင်ဖွင့်လှစ်လိုက်သည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် (၈)ကြိမ်မြောက် အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးများနှင့် ကိုယ်စားလှယ်တော်များကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ ကိုယ်စား နွေးထွေးစွာ ကြိုဆိုပါကြောင်း၊ ယခုနှစ် အာဆီယံ ကျန်းမာရေး ဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းလုံး၌ ဖြစ်ပွားလျက်ရှိသည့် အသစ်ပေါ်ထွက်လာသော ကျန်းမာရေးဆိုင်ရာ ရောဂါများ၊ အရေးပေါ်ဖြစ်ပွားတတ်သည့် ဘေးအန္တရာယ်များအကြောင်း ဆွေးနွေးကြမည် ဖြစ်ကြောင်း။

နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်

ပြီးခဲ့သည့် နှစ်နှစ်အတွင်းတွင် မိမိတို့သည် ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၆ရက်က ဖြစ်ပွားခဲ့သည့် ရေအောက်ကြမ်းပြင်၌ ငလျင်ကြီးလှုပ်၍ ဖြစ်ပေါ်ခဲ့သည် ဆူနာမီရေလွှမ်းမိုးမှုကြီး၊ တိရစ္ဆာန်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ပြန့်ပွားရာက လူတွင်ကူးစက်ပြန့်ပွားနိုင်သည့် တုပ်ကွေးရောဂါသည် ကမ္ဘာ့ကပ်ရောဂါအသွင် ဖြစ်ပွားလာနိုင်သည့် အခြေအနေနှင့် နောက်ဆုံး အင်ဒိုနီးရှား နိုင်ငံ ဂျော့ဂျာကာတာတွင် မကြာမီက ဖြစ်ပွားခဲ့သည့် ငလျင်ဘေးစသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများကို မြင်တွေ့ခဲ့ကြရပြီးဖြစ်ကြောင်း၊ ယင်းအခြေအနေများသည် ဒဏ်ခံရသည့် နိုင်ငံတစ်နိုင်ငံတည်း ဖြေရှင်း၍ မဖြစ်နိုင်ကြောင်း၊ ယင်းသို့ကိစ္စမျိုးတွင် နိုင်ငံအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဤအစည်းအဝေး၏ ဆောင်ပုဒ်ကို "အရေးပေါ် ကျန်းမာရေးပြဿနာများ ဖြေရှင်းဖို့၊ အာဆီယံနိုင်ငံအားလုံး စည်းလုံးညီညွတ်စို့"ဟု ရွေးချယ်သတ်မှတ်ခြင်းသည် သင့်မြတ်လှကြောင်း၊ မိမိတို့သည် ယင်းဘေးအန္တရာယ်များကို ရင်ဆိုင်သည့်အခါတွင် အချင်းချင်း စည်းလုံးညီညွတ်မှု၊ ကြံ့ခိုင်မှုနှင့် အာဆီယံအဖွဲ့က ကြံ့ကြံ့ခံ တွန်းလှန်နိုင်မှုကို ပြသကြရမှာဖြစ်ကြောင်း။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ထိထိရောက်ရောက်

အသစ်ထွက်ပေါ်လာသည့် ကူးစက်ရောဂါများကို ကာကွယ် နှိမ်နင်းရာတွင် အာဆီယံနိုင်ငံများအပြင် ကိုရီးယား၊ ဂျပန်နှင့်တရုတ်နိုင်ငံများကပါ အချင်းချင်း လက်တွဲဆောင်ရွက်ကြပြီး ပိုမိုနားလည်နိုင်အောင်နှင့် ပိုမိုညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက်လည်း ဤအစည်းအဝေးတွင် ဖြည့်စွက်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ဤအစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးများအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုအတွက် ဆောလျင်စွာ အရေးယူတုံ့ပြန် ဆောင်ရွက်ရန်နှင့် ကြက်ငှက်တုပ်ကွေး ကမ္ဘာ့ကပ်ရောဂါအသွင် ဖြစ်ပွားပါက ဆောင်ရွက်ရမည့် လုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရန် ကိစ္စများကို ဆွေးနွေးဖော်ထုတ် ဆုံးဖြတ်ကြမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အလေးအနက်ထား ပြောကြားလိုသည်မှာ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးတွင် ဒေသတွင်းနိုင်ငံများ ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ လိုအပ်သည့် အရင်းအမြစ်များကို ပူးပေါင်းစုဆောင်းကြခြင်းတို့ ပြုလုပ်နိုင်မှသာ ထိထိရောက်ရောက် ကာကွယ်နှိမ်နင်းနိုင်မည် ဖြစ်ကြောင်း။

ပထဝီအနေအထားအရ အကန့်အသတ်မရှိသည့် ပြည်သူ့ကျန်းမာရေး ပြဿနာများ၏ ခြိမ်းခြောက်မှု အန္တရာယ်များကြီးထွား လာနေသည့်အခါတွင် ယင်းအန္တရာယ်များကို တားဆီးကာကွယ်ရန် မိမိတို့သည် ဤအစည်းအဝေးတွင် မိမိတို့၏ အသိပညာများ၊ အတွေ့အကြုံများနှင့် အလေ့အကျင့်ကောင်းများကို ဖလှယ်နိုင်ခြင်းသည် အလွန်တန်ဖိုးရှိသည့် အခွင့်အရေးကြီး ပင်ဖြစ်ကြောင်း၊ ယခုအချိန်တွင် မိမိတို့ဒေသတွင်း နိုင်ငံအသီးသီးသည် ယင်းဘေးအန္တရာယ်များကို ပိုမိုသိနားလည်လာကြပြီး နိုင်ငံသူ၊နိုင်ငံသားများကို အန္တရာယ်များမှ ကာကွယ်နိုင်အောင် လက်ရှိဆောင်ရွက်နေသည့် ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုသည့် ကွန်ရက်များကို ပိုမိုခိုင်မာလာအောင် ဆောင်ရွက်ရန်နှင့် အချိန်တိုအတွင်း ရောဂါကို ဖော်ထုတ်ပြီး တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်ခွဲခန်းများကို ပစ္စည်းကိရိယာများ ပြည့်ပြည့်စုံစုံ တပ်ဆင်ပေးရန် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ဝမ်းသာကျေနပ်

မိမိအနေဖြင့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများသည် အာဆီယံနိုင်ငံများနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စများတွင် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် မနက်ဖြန်တွင် ဒုတိယအကြိမ်မြောက် အာဆီယံ+၃ ကျန်းမာရေး ဝန်ကြီးများ အစည်းအဝေးကို ပြုလုပ်မည်ဖြစ်ကြောင်းသိရသည့်အတွက် များစွာ ဝမ်းသာကျေနပ်မိကြောင်း။

ဆက်လက်ပြီး အာဆီယံ+တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးကို ရန်ကုန်မြို့၌ပင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်းကို သိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ၎င်းသည်လည်း ယမန်နှစ် ဒီဇင်ဘာလတွင် ကွာလာလမ်ပူ၌ ပြုလုပ်ခဲ့သည့် (၉)ကြိမ်မြောက် အာဆီယံ+တရုတ် ထိပ်သီးညီလာခံတွင် မိမိတို့၏နိုင်ငံတော်အကြီးအကဲ မျှော်လင့်ခဲ့သည့် ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်တိုက်ဖျက်ရေးအတွက် ဗိုင်းရပ်စ်ပိုးသေစေသည့် ဆေးဝါးများ စုဆောင်းရာတွင် ဒေသတွင်းကွန်ရက်စနစ် ထူထောင်ရေး အပါအဝင် လုပ်ငန်းများကို ဆောင်ရွက်ရန်ကိစ္စကို အကောင်အထည်ဖော်ရာ ရောက်ကြောင်း။

ဤအစည်းအဝေးတွင် အရေးကြီးသည့် ကိစ္စရပ်များဖြစ်သည့် အာဆီယံ+၃နိုင်ငံများအတွင်း အသစ်ပေါ်ထွက်လာသော ကူးစက်ရောဂါများတားဆီးကာကွယ်ရေးလုပ်ငန်း အစီအစဉ်အဆင့် (၂)၊ တိုင်းရင်းဆေးပညာအခြားဆေးဝါးများဖြင့် အထောက်အကူပြု အားပြည့်ကုသမှု၊ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အာဆီယံ+၃ နိုင်ငံများအတွင်း ဆောင်ရွက်ရန် မူဘောင်ချခဲ့မှုအပေါ် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အာဆီယံနိုင်ငံများရှိ သက်ကြီးရွယ်အိုများအား အိမ်တွင်းပြုစုစောင့်ရှောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်းရယူနိုင်သည့် စနစ်ဖြစ်ပေါ်လာရန် အာဆီယံ+တရုတ် အလုပ်ရုံ ဆွေးနွေးပွဲ၊ ကျန်းမာရေးပညာရှင်များ အရည်အသွေးမြှင့်တင်ရေး၊ ပြည်သူလူထုအတွင်း လူမှုစောင့်ရှောက်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် အာဆီယံ+ဂျပန် အဆင့်မြင့်အရာရှိ အစည်းအဝေးကျင်းပခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကမ္ဘာ့ကပ်ရောဂါအသွင် ဖြစ်ပွားပါက ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ရန် အာဆီယံနိုင်ငံများသို့ ဂျပန်နိုင်ငံမှ ကူညီထောက်ပံ့မှုတို့ကို အာဆီယံ+၃ကျန်းမာရေး ဝန်ကြီးများ အစည်းအဝေးတွင် ဆွေးနွေးကြမည်ဟု သိရသည့်အတွက် များစွာ နှစ်ထောင်းအားရ ဖြစ်မိပါကြောင်း။

စုပေါင်းကြိုးပမ်း

မိမိ ထပ်မံပြောကြားလိုသည်မှာ ကျန်းမာရေးပြဿနာဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ ပထဝီဒေသတစ်ခုတည်း၌သာ ဖြစ်ပွားတတ်ခြင်းမဟုတ်၍ မိမိတို့အတွက် အဓိကစိန်ခေါ်မှုမှာ ကျန်းမာရေးကိစ္စများကို ရဲဘော်ရဲဘက်စိတ်ဖြင့် စုပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ထို့ကြောင့် ဤအစည်းအဝေးသည် မိမိတို့နိုင်ငံ တစ်ခုတည်းသာမဟုတ်ဘဲ အာဆီယံဒေသတွင်းနိုင်ငံများအတွက်လည်း အရေးပါသည့် အစည်းအဝေးဖြစ်ကြောင်း၊ ထိုအစည်းအဝေးပြီးသွားသည့်အခါ မိမိတို့အားလုံးသည် မိမိတို့အာဆီယံအဖွဲ့ဝင်များအတွင်း စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်နိုင်သည့် အစီအစဉ်များ ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

ရန်ကုန်မြို့၌ (၈)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်နွှယ်နေသည့် အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအနေဖြင့် လက်ခံကျင်းပရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေး ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

မိုးရာသီတွင် သဘာဝရေထွက်မှ ရေထွက်အား ပိုမိုကောင်းမွန် ရေပိုရေလျှံချိန် ပိုက်လိုင်းဖြင့် မြို့ရေပေးရေးဆောင်ရွက်

နေပြည်တော် ဇွန် ၂၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၄ရက် နံနက်ပိုင်းက တောင်ကြီးမြို့နယ် ထိသိမ်ကျောက်တန်း ကျေးရွာရှိ ထိသိမ်ကျောက်တန်း သဘာဝ ရေထွက်သို့သွားရောက်၍သဘာဝရေထွက်မှရေထွက်ရှိနေမှု၊ အုတ်ရေမြောင်းမှ ရေစုကန်အတွင်း ရေသိုလှောင်ထားရှိမှုနှင့် ၁၂ လက်မ ပိုက်ကြီးဖြင့် မြို့တွင်းသို့ ရေပေးဝေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထပ်မံတိုးချဲ့

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်က တောင်ကြီးမြို့တွင်းသို့ ရေပေးဝေမှု အခြေအနေများကို အကွက်ချပုံစံဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက မိုးရာသီတွင် သဘာဝ ရေထွက်မှ ရေထွက်အား ပိုမိုကောင်းမွန်၍ ရေပိုကန်ရေလျှံချိန်တွင် သီးခြားပိုက်လိုင်း တစ်ခုဖြင့် မြို့ရေပေးရေး တိုးချဲ့ဆောင်ရွက်ရန်နှင့် ရေစုကန်တစ်ခု ထပ်မံတိုးချဲ့ဆောင်ရွက်ရန် မှာကြားသည်။ ယင်းနောက် တိုင်းမှူးသည်ထိ သိမ်ကျောက်တန်း ကျေးရွာရှိ ထိသိမ်ကန်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးကလုပ်ငန်း လိုအပ်ချက်များ မှာကြားကာ မြို့ရေပေးဝေရေးအတွက် ရေစုကန် တည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးသည် တောင်ကြီးမြို့ မြို့ပတ်လမ်းတစ်လျှောက် မြို့တွင်းလမ်းများနှင့် အဆောက်အအုံနေရာချထားမှု၊ မြို့သန့်ရှင်းသာယာရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားရှိမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် တောင်ကြီး အေးသာယာ စက်မှုဇုန်လမ်းရှိအရှည်ပေ၄၀၊ အကျယ် ၂၈ပေရှိ နှစ်လမ်းသွား သံကူကွန်ကရစ် တံတားတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို လည်းကောင်း၊ အေးသာယာစက်မှုဇုန် သံရည်ကျို စက်ရုံ၌ သံရည်ကျို အအေးခံသည့် ရေကန်တည်ဆောက်မည့်နေရာ၊ သံရည်ကျို မီးဖိုထိုင်မည့် နေရာနှင့်မော်တော်ကားဖရိန် ထုတ်လုပ်နေမှုနှင့် စက်အစိတ်အပိုင်းပစ္စည်းများ ထုတ်လုပ်နေမှု အခြေအနေကို လည်းကောင်း၊ အေးသာယာစက်မှုဇုန် သံရည်ကျို စက်ရုံမှ စက်ပစ္စည်းအစိတ် အပိုင်းများဖြင့် ဆက်စပ်လုပ်ကိုင်ကြသည့်အောင်မြင်ရှမ်းစတားဂျစ်ထုတ်လုပ်သည့် အလုပ်ရုံ၊ မိုင်းတုံ ဦးစောနိုင် ကားဘော်ဒီဆေးမှုတ်ပြုပြင်အလုပ်ရုံ၊ King ရှမ်းစတားတံခါးလေးပေါက်ဂျစ် ထုတ်လုပ်ရေး အလုပ်ရုံတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စာသင်ဆောင်များ

ညနေပိုင်းတွင် တိုင်းမှူးသည် အစိုးရနည်းပညာကောလိပ် (အေးသာယာ) ကျောင်းဆောင်သစ်သို့ သွားရောက်၍ ဘွဲ့နှင်းသဘင်ခန်းမနှင့် စာသင်ဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ကျောင်းအကွက်ချပုံစံအတိုင်း အပင်ကြီးများ၊ အရိပ်ရပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးရေး မှာကြားကာ လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျော်ဒန်ဘုရင်နှင့် ပါလက်စတိုင်းခေါင်းဆောင် တွေ့ဆုံ ပါလက်စတိုင်းအကျပ်အတည်း ဂျော်ဒန်ကူညီဖြေရှင်းပေးမည်ဟုဆို

အမ္မန် ဇွန် ၂၁

ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ-၂ သည် အလည်အပတ်ရောက်ရှိနေသော ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်နှင့် ဇွန်၁၈ရက်က တွေ့ဆုံကာ ပါလက်စတိုင်းဒေသအတွင်း လုံခြုံရေးနှင့်စီးပွားရေး အခြေအနေများကို ဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံ ဆွေးနွေးစဉ်အတွင်း ဂျော်ဒန်ဘုရင်က ပါလက်စတိုင်းပြည်သူများရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ကျော်လွှားရန်ပါလက်စတိုင်းပြည်သူများ၏ရှေ့မှ မားမားမတ်မတ်ရပ်တည်ရေးအတွက် အဖွဲ့အစည်းအားလုံးသို့ဆော်ဩလိုက်သည်။

ပါလက်စတိုင်းနှင့် အစ္စရေးတို့အကြား ယုံကြည်မှုတည်ဆောက်ကာ တင်းမာမှုများအဆုံးသတ်ရန် အရေးကြီးကြောင်း၊ ယင်းကိုစေ့စပ်ဆွေးနွေးရေးစားပွဲဝိုင်းသို့ အမြန်ဆုံးပြန်သွားသင့်ကြောင်း ဘုရင်အဗ္ဗဒူလာက ပြောကြားသည်။

တိုက်တွန်း

ပါလက်စတိုင်း ပြည်သူများ၏ လူသားချင်း စာနာသည့် အကျပ်အတည်းများကို ကူညီပေးရန် နိုင်ငံတကာ အသိုင်းအဝိုင်းသို့လည်း ၎င်းက တိုက်တွန်းလိုက်သည်။

အကူအညီများ ဖြတ်တောက်ခြင်းကြောင့် ပါလက်စတိုင်းပြည်သူများကိုသာ ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း၊ ဂျော်ဒန် နိုင်ငံက ယင်းပြဿနာကို အခြားနိုင်ငံများနှင့် ပူးပေါင်းဖြေရှင်းသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ထုတ်ဖော်ပြောကြား

ပါလက်စတိုင်းပြည်သူများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးသည့် ဂျော်ဒန်နိုင်ငံ၏ကြိုးပမ်းမှုများကို တန်ဖိုးထား လေးစားကြောင်း အဘတ်စ်က ထုတ်ဖော်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တွင် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ-၂(ယာ) နှင့် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ် (ဝဲ) တို့ ဇွန် ၁၈ ရက်က တွေ့ဆုံဆွေးနွေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

စင်ကာပူနိုင်ငံတွင် ပြသသည့် ၂၀၀၆ အာရှဆက်သွယ်ရေးပစ္စည်း ကုန်စည်ပြပွဲ၌ ဆိုနီအီရစ်ဆင် မိုလ်ဘိုင်းဖုန်းဖြင့် ဓာတ်ပုံရိုက်နေသည်ကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်၌ ဓာတုစက်ရုံ ပေါက်ကွဲမှုဖြစ် ၁၄ဦးသေဆုံး၊ ၂၄ဦးဒဏ်ရာရရှိ

ဟီဖိုင် ဇွန် ၂၁

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်တွင် ဓာတုဗေဒစက်ရုံတစ်ရုံ ပေါက်ကွဲမှုဖြစ်ပွားရာ**(အပေါ်ပုံ)**လူ ၁၄ ဦး သေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ဖြစ်ပွားမှုမှာ ဇွန် ၁၇ ရက် နံနက်ပိုင်းကဖြစ်ကြောင်း ဒေသဆိုင်ရာ လုံခြုံရေးအရာရှိများက ပြောကြားသည်။

အဆိုပါဖြစ်ရပ်ကြောင့် ဒဏ်ရာရသူ ၂၄ဦးကို ဆေးရုံတင်ပို့ကာ ဆေးဝါးကုသမှုခံယူလျက်ရှိပြီး သုံးဦးမှာ အခြေအနေစိုးရိမ်ရကြောင်း အန်ဟွေးပြည်နယ်မှ ပြည်နယ်အုပ်ချုပ်ရေးရုံး၏ ဒုတိယညွှန်ကြားရေးမှူး ချန်ရှိက ပြောကြားသည်။

ဖြစ်ပွားမှုမှာ အဆိုပါစက်ရုံ၏ မြေပြင်သိုလှောင်ရုံနှစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ပြီး ကယ်ဆယ်ရေးအဖွဲ့များ ကယ်ဆယ်ရန် အခက်အခဲဖြစ်ရသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မီရာပီမီးတောင်မှ ချော်ရည်များကြောင့် သစ်တောဧရိယာဟက်တာ ၃၀၀ခန့်ပျက်စီး

ဂျကာတာ ဇွန် ၂၁

အင်ဒိုနီးရှားနိုင်ငံ မီရာပီမီးတောင်မှ ချော်ရည်များစီးဆင်းခဲ့မှုကြောင့် သစ်တောဧရိယာဟက်တာ ၃၀၀ခန့် ပျက်စီးခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်တစ်ဦးက ပြောကြားလိုက်သည်။

ပြောကြား

မီရာပီမီးတောင်ပေါက်ကွဲမှုမှ ထွက်ရှိလာသော ချော်ရည်ပူများကြောင့် သစ်တောများလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရကြောင်း အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျကာတာသစ်တောရုံးမှအကြီးအကဲတစ်ဦးဖြစ်သူ ဆူနာဒီက ဇွန် ၁၉ရက်၌ပြောကြားသည်။

ထိုသို့ပျက်စီးဆုံးရှုံးမှုတန်ဖိုးနှင့် ပမာဏကို မိမိတို့ လေ့လာဆန်းစစ်ပြီး အင်ဒိုနီးရှားနိုင်ငံ သစ်တောရေးရာဝန်ကြီးဌာနသို့ တင်ပို့မည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ပျံ့နှံ့လျက်ရှိ

မီရာပီမီးတောင်သည် ပြာပူများ မီးခိုးများကို အန်ထုတ်လျက် ရှိနေဆဲ ဖြစ်ကြောင်း၊ အဆိုပါမီးခိုးများနှင့် ပြာပူများမှာ သုံးကီလိုမီတာအကွာထိ ရောက်ရှိပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

လူငယ်များ မူးယစ်ဆေးဝါးရှောင်ရှားနိုင်ရန် ရော်နယ်ဒင်ဟိုပုံပါ ကာတွန်းစာအုပ်ဖြန့်မည်

ရီရိုဒီဂျနေရို ဇွန် ၂၁

ဘရာဇီးအစိုးရက လူငယ်များအား မူးယစ်ဆေးဝါးအလွဲသုံးမှု မပြုရန် ပညာပေးအစီအစဉ်အဖြစ် အမျိုးသားမူးယစ်ဆေးဝါး လှုံ့ဆော် တိုက်ဖျက်ခြင်းကို ဇွန် ၁၉ရက်၌ စတင်ဆောင်ရွက်ခဲ့သည်။

ပြောကြား

ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးအလွဲသုံးမှု မပြုရန် သတိပေးသည့်အနေဖြင့် ရော်နယ်ဒင်ဟိုရုပ်ပုံပါ ကာတွန်းစာအုပ်များ နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းများသို့ ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လှုံ့ဆော်ပေး

ဘရာဇီးအစိုးရက ရုံး၊ ကျောင်း၊ ဘာသာရေး အဖွဲ့အစည်း၊ ကုမ္ပဏီများနှင့် တစ်စုံတစ်ယောက်သောသူတို့သည် လူငယ်များ မူးယစ်ဆေးဝါးရှောင်ကြဉ်ရေး လှုံ့ဆော်ပေးနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်နေကြောင်း ဘရာဇီးမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအတွင်းရေးမှူး ပေါလိုယူချောက ပြောကြားသည်။

လျှော့ချနိုင်

ဘရာဇီးကွန်ဂရက်က မကြာသေးမီက သဘောတူညီထားသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဥပဒေသည် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ခြင်းကို လျှော့ချနိုင်လိမ့်မည်ဖြစ်ကြောင်း ယူချောက ပြောကြားသည်။

တိုးမြှင့်ထား

ယင်းမူးယစ်ဆေးဝါး တိုက်ဖျက်ရေး ဥပဒေသစ်သည် မူးယစ်ဆေးဝါးရောင်းဝယ်သူများနှင့် သုံးစွဲသူများအတွက် ထောင်ဒဏ်ကာလကို တိုးမြှင့်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

စုပေါင်းဓာတ်ပုံရိုက်

တရုတ်နိုင်ငံ ချုံကျင်းဒေသရှိ ခန်းမတစ်ခု၌ နိုင်ငံတကာ ခရီးသွားအလှမယ်ပြိုင်ပွဲဝင်များ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်နေကြသည်ကို ဇွန် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မိတ္ထီလာခရိုင်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၁

မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ခရိုင်အတွင်းရှိ ကျောင်းနေရန် အခက်အခဲဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကို ဇွန် ၃ရက် နံနက်၉နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မစိုးသူနှင့် အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အသင်းဝင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မစိုးသူက ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လေးမြို့နယ်အတွက် တန်ဖိုးငွေကျပ် ၅၅၁၂၀၀ တန်ဖိုးရှိသော ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းဝတ်စုံနှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများကိုယ်စား မိတ္ထီလာမြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့

စတုတ္ထအကြိမ်ညီလာခံ ၂၀၀၆ ခုနှစ်

ဇူလိုင်လ (၁)ရက်မှ (၂)ရက်

ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း

ရန်ကုန်မြို့။

ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၁

တောင်ဒဂုံ ဆိပ်ကမ်းမြို့နယ်ရှိ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်း ကမ္မဋ္ဌာန်းရိပ်သာတွင် လစဉ်ဖွင့်လှစ်မြဲဖြစ်သော အနာဂါမ်ဆရာသက်ကြီးနည်း ဝိပဿနာ ခုနစ်ရက်တရားစခန်းဖွင့်ပွဲကို ဇူလိုင် ၂ရက်က ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဇွန် ၁ရက် ညနေ ၃နာရီခွဲအရောက် မိမိတို့ မှတ်ပုံတင်ကတ်ပြားများ ယူဆောင်ပြီး လာရောက်ကြရန် နှိုးဆော်ထားသည်။

ယခုလမှ စတင်၍ မင်္ဂလာဈေးဟုမှ ကားကြိုပို့အစီအစဉ်မရှိတော့ဘဲ တောင်ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ် ၈၈ဦးဘညာဏ်လမ်း ၅၈ပန်းချီ ပန်းပုရပ်ကွက်သို့ တိုက်ရိုက်လာရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဗြိတိန်ဘတ်စ်ကားဂိတ်များ၌ ဆေးလိပ်မသောက်ရန် တားမြစ်ဖွယ်ရှိ

ဘတ်စ်ကားဂိတ်များနှင့် အားကစားကွင်းများတွင်ပါ ဆေးလိပ်သောက်မှုပိတ်ပင်လာနိုင်ကြောင်း ဗြိတိန်အစိုးရက ရိုးတိုးရိပ်တိပ် ထုတ်ဖော်ပြောဆိုထားသည်။

ပိတ်ပင်

အလုံပိတ် အများပြည်သူသွားလာနေထိုင်ရာ နေရာများတွင် ဆေးလိပ်မသောက်ရန် တားမြစ်သည့် ဥပဒေသစ်များက ဘတ်စ်ကားဂိတ်၌ ဆေးလိပ်မသောက်ရန် ပိတ်ပင်သည့်အာဏာကိုပါ အစိုးရသို့ပေးအပ်နိုင်ကြောင်း ဗြိတိန် ကျန်းမာရေးဝန်ကြီး လော့ဒ်ဂါနာ ပြောဆိုသည်။

အန္တရာယ်ကြီးမား

သို့သော် အများပြည်သူတို့အဖို့ မီးခိုးများ အများအပြား ရှူရှိုက်ရသဖြင့် အန္တရာယ်ကြီးမားစေသည့် နေရာများ၌သာ ထိုအာဏာကို အသုံးပြုနိုင်မည်ဟုလည်း ၎င်းကထည့်သွင်းပြောဆိုသည်။

ကျန်းမာရေးဆိုင်ရာ ဥပဒေကြမ်းကို ဗြိတိန်အထက်လွှတ်တော်က ဆွေးနွေးစဉ် ဗြိတိန်ကျန်းမာရေးဝန်ကြီး ကော့ဒါဝါနာက ထိုသို့ပြောခြင်းဖြစ်သည်။

(ကိုးကား-အင်တာနက်)

ပေကျင်း၌ ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ဘတ်စ်ကားများပြေးဆွဲ

တရုတ်နိုင်ငံ ပေကျင်းမြို့လမ်းများပေါ်တွင် ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ဘတ်စ်ကားသုံးစီးကို ဇွန် ၂၀ ရက်က စတင်ကာပြေးဆွဲလျက်ရှိနေပြီဖြစ်ရာ တရုတ်နိုင်ငံ၏ ပထမဆုံးဟိုက်ဒရိုဂျင်စွမ်းအင်သုံး ဘတ်စ်ကားများပင်ဖြစ်ကြောင်း သိရသည်။

ပြယုဂ်

ယခုကဲ့သို့ ဘတ်စ်ကားများပြေးဆွဲနိုင်မှုမှာ ပထမဆုံးဖြစ်ရပ်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု၏ ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံရှိ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိုယ်စားလှယ် ရီနူမီယာက ပြောကြားလိုက်သည်။

အပြည့်အဝ

တရုတ်နိုင်ငံသည် ယခုနှစ်နွေရာသီ၌ ဟိုက်ဒရိုဂျင်စွမ်းအင်ထုတ်လုပ်ရေးစက်ရုံကို အပြည့်အဝအလုပ်လုပ်နိုင်ရန် ဆောင်ရွက်ပေးတော့မည်ဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။

ပြေးဆွဲ

အဆိုပါ ဟိုက်ဒရိုဂျင်ဘတ်စ်ကားများသည် စပိန်၊ ဂျာမနီ၊ ဗြိတိန်နိုင်ငံများအပါအဝင် ဥရောပနိုင်ငံ ရှစ်နိုင်ငံရှိ လမ်းများပေါ်တွင် ဘတ်စ်ကားစီးရေစုစုပေါင်း ၃၃ စီးပြေးဆွဲလျက်ရှိနေပြီဖြစ်သည်။

တရုတ်နိုင်ငံသည် အစားထိုးလောင်စာသုံးစွဲမှုတိုးတက်ရေးနှင့် လေထုညစ်ညမ်းမှုကို လျှော့နည်းကျဆင်းစေသည့် ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ဘတ်စ်ကားများကို ပိုမိုထုတ်လုပ်သွားမည်ဟု သိရသည်။

(ကိုးကား-အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

စင်ကာပူတွင် ဇွန် ၂၀ရက်၌ လက်ထပ်သူစုံတွဲ ၁၇၁တွဲရှိခဲ့

စင်ကာပူနိုင်ငံတွင် ဇွန် ၂၀ရက်ကို ရွေးချယ်ကာ မင်္ဂလာမောင်နှံစုံတွဲပေါင်း ၁၇၁တွဲတို့က လက်ထပ်ပွဲဆင်နွှဲခဲ့ကြကြောင်း နယူးအာရှသတင်းဌာနက ထုတ်ပြန်ချက်သတင်းကို အင်တာနက်၌ ဖော်ပြထားသည်။

ကံကောင်းသောနေ့

၂၀၀၆ခုနှစ် ဇွန် ၂၀ရက်သည် ကံကောင်းခြင်းကိုဖြစ်စေသော ရက်ဖြစ်သဖြင့် ယင်းနေ့က စင်ကာပူနိုင်ငံတွင် မင်္ဂလာစုံတွဲပေါင်း ၅၀ခန့်စီတို့က တစ်နေ့တည်းသုံးကြိမ်ခန့် လက်ထပ်ပွဲပြုလုပ်ခဲ့ကြသည်။

မှတ်တမ်းတင်

စင်ကာပူနိုင်ငံတွင် ဇွန် ၆ ရက်ကလည်း မင်္ဂလာစုံတွဲ ၃၁၀တို့က တစ်နေ့တည်း လက်ထပ်ခဲ့ကြရာ စင်ကာပူနိုင်ငံတွင် ၁၁နှစ် အတွင်းအရေအတွက်အများဆုံး မင်္ဂလာစုံတွဲများ လက်ထပ်ခြင်းအဖြစ် မှတ်တမ်းတင်ခဲ့သည်။

တရုတ်လူမျိုးများသည် ၆ ဂဏန်းနံပါတ်ကို ကံကောင်းစေသော ကိန်းဂဏန်းတစ်ခုအဖြစ် သတ်မှတ်ထားကြသည်။

(ကိုးကား-အင်တာနက်)

အလုပ်ပြုတ်ခြင်းနှင့် နှလုံးရောဂါ ဆက်စပ်မှုရှိကြောင်း လေ့လာတွေ့ရှိ

အလုပ်သက်တမ်းနှောင်းပိုင်းတွင် အလုပ်ပြုတ်သူများအနေဖြင့် နှလုံးရောဂါ သို့မဟုတ် လေဖြတ်ဝေဒနာခံစားရဖို့ နှစ်ဆပိုများကြောင်း လေ့လာတွေ့ရှိရသည်ဆို၏။

ဖော်ပြထား

၁၉၉၂ခုနှစ်တွင် အလုပ်လုပ်ကိုင်လျက်ရှိသော အသက်၅၁နှစ်နှင့် ၆၁နှစ်အကြားရှိ လူပုဂ္ဂိုလ် ၄၃၀၁ဦးကို ယေးလ်တက္ကသိုလ်သုတေသီများက လေ့လာစူးစမ်းတွေ့ရှိရခြင်းဖြစ်ကြောင်း အလုပ်အကိုင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆေးဝါးဂျာနယ်၌ ဖော်ပြထားသည်။

စိတ်ဖိစီး

ဆယ်နှစ်ကျော်ကာလအတွင်းတွင် အလုပ်မှထုတ်ပစ်ခံရသူ ၅၈၂ဦးအနက် ၂၃ဦးမှာ နှလုံးရောဂါဖြစ်ပွားသွားပြီး ၁၃ဦးမှာ လေဖြတ်သည့်ဝေဒနာခံစားကြရသည်ဆို၏။ ထိုသို့ ဖြစ်ရခြင်းမှာ စိတ်ဖိစီးမှုကြောင့် ဖြစ်ရသည်ဟုဆိုသည်။ **(ကိုးကား-အင်တာနက်)**

အင်ဒိုနီးရှား၌ ရေလွှမ်း၊ မြေပြို၍ အနည်းဆုံးလူ ၈၀ သေဆုံး

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းသည့်အတွက် ရေလွှမ်းမိုးပြီး မြေပြိုသဖြင့် အနည်းဆုံးလူပေါင်း ၈၀ သေဆုံးသည်ဟု သတင်းရရှိသည်။

ရှာဖွေ

ထိုပြည်နယ်တွင်းတွင် နှစ်ရက်ကြာ မိုးသည်းထန်စွာ ရွာသွန်းအပြီး ရေလွှမ်းမိုးမှုဖြစ်ပေါ်ရာ အများအပြား ပျောက်ဆုံးနေသည်။ ရွှံ့နွံများအောက်တွင် နစ်မြုပ်နေကြမည်ကို စိုးရိမ်လျက် ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေလျက်ရှိသည်။ **(ဝဲပုံ)**

သုံးသပ်

အပူပိုင်းဇုန်တွင် ကျရောက်သည့် အင်ဒိုနီးရှားနိုင်ငံတွင် မကြာခဏ မိုးသည်းထန်စွာ ရွာတတ်ပြီး ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများ ကြုံတွေ့လေ့ရှိသည်။ ယင်းသို့ဖြစ်ရသည်မှာ သစ်တောပြုန်းမှုကြောင့် ဖြစ်သည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက သုံးသပ်သည်။

ပြည်နယ်အတွင်း အနည်းဆုံး ခုနစ်ခရိုင်တွင် ရေလွှမ်းခံရပြီး ဆင်ကွေးခရိုင်မှာ ရေဘေးဒုက္ခ အဆိုးဆုံးခံရသည့် ခရိုင်ဖြစ်ကြောင်း သိရသည်။ **(ကိုးကား-အင်တာနက်)**

အရေးပေါ်ကျန်းမာရေးပြဿနာများဖြေရှင်းဖို့ အာဆီယံနိုင်ငံများ စည်းလုံးညီညွတ်စို့ အကြောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေး၌ နိုင်ငံအလိုက်ဆွေးနွေး

(၈)ကြိမ်မြောက် အာဆီယံ အဖွဲ့ဝင် နိုင်ငံများ၏ ကျန်းမာရေး ဝန်ကြီးများ အစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံကအိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ စတင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီး Dr. Nuth Sokhom၊ စင်ကာပူသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး Mr. Khaw Boon Wan၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ကျန်းမာရေးဝန်ကြီး Mr. Pehin Dato Suyoi Osman၊ မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး Dato' Chua Soi Lek၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး Dr. Ponmek Dalaloy၊ ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Anutin Charnvirakul၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး Dr. Tran Chi Liem၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ Under Secretary of Health, Dr. Ethelyn P. Nieto၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် I. Nyoman Kandun၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယ အတွင်းရေးမှူးချုပ် Dr.Wilfrido V. Villacorta နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သဘာပတိ

အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တွဲဖက်သဘာပတိအဖြစ် ဖိလစ်ပိုင်သမ္မတနိုင်ငံ Under Secretary of Health, Dr. Ethelyn P. Nietoတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့က **"အရေးပေါ် ကျန်းမာရေးပြဿနာများဖြေရှင်းဖို့ အာဆီယံနိုင်ငံအားလုံး စည်းလုံးညီညွတ်စို့"** အကြောင်းနှင့် ပတ်သက်၍ နိုင်ငံအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်း ဆွေးနွေးပွဲသဘာပတိကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့်အကြောင်းအရာများနှင့် ဒုတိယအကြိမ် အာဆီယံ+၃ နိုင်ငံများ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့်ပထမအကြိမ် အာဆီယံ+တရုတ်နိုင်ငံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် (၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး အစီရင်ခံစာအပေါ် ဝိုင်းဝန်းဆွေးနွေး အတည်ပြုပြီး ယင်းအစီရင်ခံစာကို လက်မှတ်ရေးထိုးကြကာ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဂုဏ်ပြုညစာတည်ခင်း

ညပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အစည်းအဝေးသို့တက်ရောက်ကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများအား ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည့် (၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကို ဇွန် ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Professor Adik Wobowo နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆောင်ရွက်

အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဖိလစ်ပိုင်သမ္မတနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ Undersecretary of Health, H.E. Usec Ethelyn P. Nieto နှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှဒေါ်မိုးသူဇာတို့က ဆောင်ရွက်ကြသည်။

မိတ်ဆက်

ရှေးဦးစွာ သဘာပတိ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာတင်ဝင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး သဘာပတိ အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တစ်ဦးချင်း မိတ်ဆက်ကြသည်။

ထို့နောက် (၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ "အရေးပေါ်ကျန်းမာရေးပြဿနာများ ကိုင်တွယ်ဖြေရှင်းရန် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ ညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း" (ASEAN Unity in Health Emergencies)ကို တက်ရောက်လာကြသူများက ပါဝင်ညှိနှိုင်း ဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဒုတိယအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေး ကြိုတင်ပြင်ဆင်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ဒုတိယအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကို ဇွန် ၂၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် ရန်ကင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်သုံးနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဂျပန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E.Dr. Takashi Toguchi နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒေါ်မိုးသူဇာတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က အဖွင့်အမှာစကား ပြောကြားသည်။

အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဒုတိယအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ **"အရေးပေါ် ကျန်းမာရေးပြဿနာများ ကိုင်တွယ်ဖြေရှင်းရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း"**ကို နိုင်ငံအလိုက် ပါဝင်ညှိနှိုင်းအကြံပြုဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး

(၂၂-၆-၂၀၀၆)

■ ကျောဖုံးမှ

ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ရွှေကျင်မြို့သို့ ရောက်ရှိ၍ ရွှေကျင်တပ်နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း ဧကငါးဆယ်၊ အပင်ပေါင်း ၆၂၀၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရွှေကျင်တပ်နယ်မှ ဗိုလ်မှူးကြီးဇော်ဝင်းမြင့်က တပ်နယ်အတွင်း ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဇီဝဒီဇယ် လောင်စာဆီ ထုတ်ယူနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်လျာထားချက်ထက် ပြည့်မီ ကျော်လွန်အောင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရေး မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေး အဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်အတွက် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက်သာမက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝအတွက်ပါ အကျိုးရှိမည့် စီမံကိန်းဖြစ်၍ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီပြီးစီးအောင် ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရှုရပ်မှ လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးမှာကြားပြီး ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို ပဲခူးခရိုင် ရွှေကျင်မြို့၏ အရှေ့မြောက်ဘက်ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည်။ တမံအလျားမှာ ပေ ၃၆၁၀၊ တမံအမြင့်ပေ ၄၀ ရှိ၍ ဓာတ်အား ၇၅ မဂ္ဂါဝပ်ထုတ်ယူနိုင်မည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ ရော်ဘာတိုးချဲ့စိုက်ခင်းသို့ ရောက်ရှိပြီး ရော်ဘာခြံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးဆွေးနွေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် လမ်းဘေးဝဲ/ယာ တစ်လျှောက်၌ အောင်မြင်ဖြစ်ထွန်းနေသော ရော်ဘာပင်များကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များနှင့်အတူ ရွှေကျင်မြို့ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပဲခူးတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနေသည့် တိုင်းကြီးခြောက်တိုင်းတွင် ပါဝင်လျက်ရှိရာ နိုင်ငံတော်၏ စီးပွားရေးပိုမိုဖြစ်ထွန်းတိုးတက်အောင်မြင်ရေးအတွက် ပဲခူးတိုင်းအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပါအဝင် ကုန်ထုတ်စွမ်းအားတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ပဲခူးတိုင်းအတွင်း ယခုနှစ်တွင် မိုးစပါးဧကသိန်း ၃၀ ပြည့်မီကျော်လွန်အောင် ကြိုးပမ်းလျက်ရှိရာ မိုးစပါးအပါအဝင် ဒေသနှင့်ကိုက်ညီမည့် အဓိကသီးနှံ ၁၀ မျိုး၊ နှစ်ရှည်သီးနှံ သုံးမျိုးအနက်မှ ရော်ဘာနှင့် အမယ်သစ် သီးနှံငရုတ်ကောင်းတို့အပြင် ခြံစည်းရိုးကြက်ဆူပင်တို့ကို ပိုမိုတိုးချဲ့ စိုက်ပျိုးကြရန်လိုကြောင်း၊ မွေးမြူရေး အနေဖြင့် ဒေသကြက်ကို တစ်ပိုင်တစ်နိုင်၊ တစ်အုပ်တစ်မ မွေးမြူကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေးအပါအဝင် စီမံကိန်းများအောင်မြင်ရေး၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်းလက်တွဲ၍ အောက်ခြေအထိဆင်းပြီး ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရွှေကျင်တပ်နယ်ရှိ မြဝတီခန်းမ၌ ရွှေကျင်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးတို့အတွက် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်ရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

✡ ကျောဖုံးမှ

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စီမံကိန်းလုပ်ငန်းခွင်အတွင်း ပင်မတမံ RCC ကွန်ကရစ်သွန်းလောင်းထားရှိမှုများကိုလည်းကောင်း၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် မြေသားနံရံများပြုပြင်နေမှုကိုလည်းကောင်း၊ လုပ်ငန်းခွင်အတွင်း ခေတ်မီစက်ယန္တရားကြီးများကိုအသုံးပြု၍ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရေယူအဆောက်အအုံ ကွန်ကရစ်လုပ်ငန်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တမံထိပ်သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ (ရဲ–ယမန်းရွာ)အနီးတည်ရှိပြီး မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်ထားသည်။ ရေဆင်းဧရိယာ ၁၀၈၉၀ စတုရန်းမိုင်၊ ကွန်ကရစ်တမံအမျိုးအစားဖြစ်၍ ရေလှောင်တမံအလျား ၂၂၆၄ ပေနှင့် တမံအမြင့် ၄၃၃ ပေရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၁ ဒသမ ၁၄ သိန်းရှိပြီး ကန်ရေသေ ရေလှောင်ပမာဏမှာ ဧကပေ ၁၃ ဒသမ ၀၄ သိန်းနှင့် ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ၁၄၅၈၀ ဧက ၂၃ စတုရန်းမိုင်ဖြစ်ပြီး ရေပိုလွှဲအမျိုးအစားမှာ ရေတံခါးမပါ ရေပိုလွှဲဖြစ်၍ ရေအားလျှပ်စစ်စက်ရုံသည် သံကူကွန်ကရစ်ဖြစ်သည်။ တပ်ဆင်စက်အင်အားမှာ မဂ္ဂါဝပ် ၇၉၀ ဖြစ်ပြီး တစ်နှစ်ထုတ်လုပ်နိုင်မည့် ဓာတ်အားပမာဏမှာ ကီလိုဝပ်နာရီ သန်း ၃၅၅၀ ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့ စက်မှုနယ်မြေ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့က စက်ရုံမှူး များအား စက်ရုံနယ်မြေအလိုက်စိုက်ပျိုးကြရန် ကြက်ဆူပျိုးပင်များကို ဝေငှပေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရစိုက်ပျိုးပေးကြပြီး စက်ရုံဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုတို့ကို လှည့်လည် ကြည့်ရှုအားပေးသည်။

အဆိုပါစက်မှုနယ်မြေတွင် ခြံစည်းရိုးကြက်ဆူပင်ဧက ၃၅၀၊ အပင်ပေါင်း ၄၂၀၀၀၀ ကို သုံးနှစ်စီမံကိန်းဖြင့် စိုက်ပျိုးသွားမည်ဖြစ်ပြီး ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ဧက ၁၅၀ စိုက်ပျိုးရန်စီစဉ်ထားရာ ယခုစိုက်ပျိုးမှုမှာ ဧက ၅၀ ဖြစ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စက်မှုနယ်မြေ စက်ရုံများရှင်းလင်းဆောင်သို့ ရောက်ရှိရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ကျောက်ဆည်စက်ရုံများ နယ်မြေတာဝန်ခံ ဘိလပ်မြေစက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးစိန်အောင်နှင့် စက်ရုံမှူးများက ကြိုဆိုကြပြီး သက်ဆိုင်ရာစက်ရုံများအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်ချက်များ မှာကြားပြီး ဘိလပ်မြေစက်ရုံအတွင်း ဘိလပ်မြေထုတ်လုပ်နေမှု အခြေအနေနှင့် ဘိလပ်မြေများကို အိတ်သွပ်ထုပ်ပိုးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးစိန်အောင်က လိုက်လံရှင်းလင်းပြသသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စက်ဘီးစက်ရုံ၌ စက်ဘီးအပိုပစ္စည်းများ၊ စက်ဘီးအဆင့်ဆင့် တပ်ဆင်ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ အပ်ချုပ်စက်စက်ရုံ၌ စက်အစိတ်အပိုင်းများ၊ စက်ခေါင်းများထုတ်လုပ်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ စွပ်ကျယ်စက်ရုံ၌ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှုနှင့် စက်ရုံမှထုတ်လုပ်ထားသော အဝတ်အထည်အမျိုးမျိုးကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် စဉ့်ကိုင်မြို့နယ် တောမကျေးရွာအနီး နွေစပါးမျိုးသန့် စံပြကျေးရွာသို့ ရောက်ရှိကြပြီး အဆိုပါကျေးရွာတွင် စိုက်ပျိုးထားသည့် ဇော်ဂျီဆည်ရေသောက် ဦးထွန်းစိန်၏ လယ်မြေမှ ဆင်းသွယ်လတ်စပါး နှစ်ဧကခွဲဖြစ်ထွန်းနေမှုနှင့် မိုးစပါးစိုက်ပျိုးနေမှု၊ နွေစပါးများကို ခြွေလှေ့စက်ဖြင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဝါစိုက်ခင်းများကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စဉ့်ကိုင်မြို့နယ် ချည်မျှင်ရှည်ဝါမျိုးသန့် စိုက်ပျိုးရေးဇုန်သို့ သွားရောက်၍ တောင်သူများစိုက်ပျိုးထားသည့် တစ်ဧကအထွက်နှုန်း ပိဿာ ၂၈၀ နှင့် ပိဿာ ၄၀၀ ကြားထွက်သော ဝါဧက ၅၀ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ငွေချည်(၁)၊ ငွေချည်(၂) ဝါစိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝါစိုက် တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တံတားဦးမြို့နယ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၂) ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံသို့ ရောက်ရှိပြီး အဆိုပါစိုက်ပျိုးရေးခြံ၌ စိုက်ပျိုးထားရှိသော ခြံစည်းရိုးကြက်ဆူပင် ၁၀ ဧကကို ကြည့်ရှုစစ်ဆေးပြီးနောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ရှုရပ်မျှော်စင်ပေါ်မှနေ၍ စိုက်ပျိုးရေးဘက်စုံခြံ အမှတ်(၂)တွင် ခြံစည်းရိုးကြက်ဆူပင်ဧက ၁၀၀၊ အပင် ၁၂၀၀၀၀ စိုက်ပျိုးထားသည်ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများလာရောက်လေ့လာ

ရန်ကုန် ဇွန် ၂၁

တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) နောက်ဆုံးနှစ် အပိုင်း(က) ဗိုလ်လောင်းများသည် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ပါမောက္ခ ဌာနမှူး ဒုတိယဗိုလ်မှူးကြီးနေစိုးမောင် ဦးဆောင်လျက် ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အမှုဆောင် ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာထွန်းရီက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာ**(အပေါ်ပုံ)**က အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားကြသည်။

လေ့လာ

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင် ဗိုလ်လောင်းများ၏ မေးမြန်းမှုများကို အသင်းအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး(၁)နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားပြီး ဗိုလ်လောင်းများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအတွင်းရှိ လှုပ်ရှားမှုဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ ဖွင့်လှစ်ထားသည့် ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ လေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့

၂၆–၆–၂၀၀၆

International Day Against Drug Abuse and Illicit Trafficking

26-6-2006

မူးယစ်ဒုက္ခ မပေါ့ဆနှင့်

DRUGS ARE NOT CHILD'S PLAY

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂–၆–၂၀၀၆

(ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မြန်မာ့လက်ဖက်ရဲ့ တွဲဖက် အဖော် ကြက်သွန်မွမွကြော်
၇:၄၀	ပြည်တွင်းသတင်းအကျဉ်း
၇:၅၀	ယနေ့သိပ္ပံနှင့်နည်းပညာ (သန္တာအေး၊ A သူမြင့်)
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	Language Lab ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	Jil Caplan ရဲ့ တစ်ကိုယ်တော်ဂီတည
၉:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	ငွေကြယ်ပွင့်တို့ရဲ့ဖြစ်တည်မှု (ယုဇနနှင့် သူမ၏အနုပညာခရီးလမ်း)
၉:၅၀	မိုးလေဝသခန့်မှန်းချက်
၉:၅၅	စက်ဘီးစက်ရုံ (ကျောက်ဆည်)
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	Movie Talk (ဒေါက်တာဇော်သန်း၊ အကယ်ဒမီဦးထွန်းလှိုင်)
၁၁:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀	စပျစ်ချိုချို၊ ဝိုင်ချိုချို
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	ဆွေမျိုးတော်ပေမယ့် (ရဲမှူးတင်လင်း၊ ဆောင်းအိမ်ခြွေထွန်း၊ ဗေဒါ)
၁၁:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	ဟင်းသီးဟင်းရွက်နှင့် စင်တင်သီးနှံစိုက်ပျိုးနည်း
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပြည်တွင်းပြည်ပအဖျက်သမားများ၏အကြံနှင့် သတိပြုသင့်သောအမှန်

စိုးမြကျော်နှင့်

၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံရင်ဆိုင်ရသော အခက်အခဲမှာ နှစ် ၅၀ကာလအတွင်း ပြည်သူလူထုအတွက် အဆိုးရွားဆုံး၊ အကျပ်တည်းဆုံး၊ အခက်ခဲဆုံးဖြစ်ခဲ့ပါသည်။

ထိုစဉ်က လူတစ်ယောက်ကို ဒုက္ခပေးချင်လျှင် အလွန်လွယ်ပါသည်။ ရန်ငြိုးရှိဖူးသော၊ မကျေနပ်ချက်ရှိသော မည်သူ့ကိုမဆို လက်စား ချေချင်လျှင်လည်း ဘာမျှမခဲယဉ်းပေ။ ထောက်လှမ်းနေတယ်၊ အဆိပ်လိုက်ခတ်နေဟု ဦးရာလူက လက်ညှိုးထိုးစွပ်စွဲလိုက်ရုံနှင့် ထိုလူမှာ

ခေါင်းဖြတ် အသတ်ခံရတော့မည် ဖြစ်သည်။ ပြည်သူတိုင်းအတွက် ဘဝလုံခြုံမှုမရှိတော့ပါ။ ကိုယ့်အိမ်ကို ဘယ်တော့ လုယက်ဖျက်ဆီးခံရမလဲဆိုပြီး ကျီးလန့်စာစား ဖြစ်ခဲ့ကြရပါသည်။ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အထူးလိုအပ်နေချိန်ပင် ဖြစ်ပါသည်။

ထိုအချိန် ထိုကာလတွင် ပြည်တွင်းပြည်ပ အဖျက်သမားအမျိုးမျိုးသည် ရည်မှန်းချက်ကိုယ်စီဖြင့် ပါဝင်လှုပ်ရှားခဲ့ကြသည်ကို အောက်ပါအတိုင်း လေ့လာဆန်းစစ် တွေ့ရှိနိုင်ပါသည်–

ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)သည် ၁၉၄၈ ခုနှစ်က ၎င်းတို့ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း မြေပေါ်ဆူပူမှုနှင့် မြေအောက် လက်နက်ကိုင် တိုက်ပွဲများကိုဆက်စပ်၍ အာဏာကိုဖြတ်လမ်းမှရယူရန် ကြိုးပမ်းခဲ့ကြသည်။

၁၉၈၀ပြည့်နှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြသော ပြည်ပြေးဟောင်းများနှင့် အဆက်အနွယ်များသည်လည်း အနောက်အုပ်စု၏ ထောက်ပံ့ကူညီမှုဖြင့် ၎င်းတို့ အာဏာပြန်လည်ရရှိရေး ဦးတည်ဆောင်ရွက်ခဲ့ကြသည်။

ခါတော်မီပေါ်ပင်နိုင်ငံရေးသမားများ ကလည်း နိုင်ငံရေးအတွေ့အကြုံနှင့် နိုင်ငံရေးအစဉ်အလာ မရှိသည့်တိုင် ပွဲလှန့်ပြီး ဖျာခင်းသောနည်းဖြင့် ခေါင်းဆောင်နေရာကိုတက်ယူကာ ရောယိမ်းပြီး လှုပ်ရှားကြသည်။ အပေါ်စားနိုင်ငံရေးနည်းလမ်းများဖြင့် အာဏာကို အချောင်ရရှိအောင် ဆောင်ရွက်ခဲ့ကြသည်။

အနောက်ဆရာကြီးများကမူ မြန်မာနိုင်ငံအား ၎င်းတို့အာဏာစက်အတွင်း သွတ်သွင်းပြီး ၎င်းတို့ဩဇာခံမည့် ရုပ်သေးအစိုးရတင်နိုင်ရေးအတွက် မဆီမဆိုင် ဝင်ရောက်စွက်ဖက်ခဲ့ကြပြန်သည်။

ဗကပသည် အရေးအခင်းကာလအတွင်း ယူဂျီများမှတစ်ဆင့် ဆူပူအုံကြွမှုကို နေမြင့်လေ အရှူးရင့်လေဖြစ်အောင် ပုံသွင်း လုပ်ဆောင်ခဲ့သည်။ ဗကပတို့အတွင်း၌ ကျင့်သုံးခဲ့သော ဖြုတ်၊ထုတ်၊သတ် ပုံစံမျိုးကို ဆူပူအကြမ်းဖက်သူများအတွင်း သွတ်သွင်း လှုပ်ရှားခဲ့ကြသည်။

ဗကပ၏ ဖြုတ်၊ ထုတ်၊ သတ် လမ်းစဉ်တွင် ဘဝဟာစ်တိုင် လှုပ်ရှားမှုလုပ်ပြီး မိမိဘဝ၏ နာကြည်းချက်များကို ဟုတ်တာရော၊ မဟုတ်တာရော ရောနှောဖော်ထုတ်သည်။ လူအုပ်စုကို ဒေါသဖြစ်အောင် စိတ်ပညာနည်းများဖြင့် နှိုးဆွသည်။ အပြစ်အားလုံးကိုပုံချရန် တရားခံရှာခြင်းဖြစ်သည်။

ဗကပယူဂျီများ၏ဆူပူအုံကြွရေးလှုပ်ရှားမှုနှင့် ၁၉၈၈နောက်ပိုင်း၌ အနောက်အုပ်စုသူလျှိုများ၏ ဆူပူအုံကြွရေးလှုပ်ရှားမှုမှာ ပုံစံချင်း တူနေသည်ကို လေ့လာတွေ့ရှိရသည်။ ဗကပတို့၏ အာဏာနီ တည်ဆောက်ရေးလမ်းစဉ်နှင့် ပြည်ပြေးများ၊ သောင်းကျန်းသူများအားပို့ချခဲ့သော အနောက်အုပ်စု သူလျှို ဂျင်းရှပ်(ပ်)ဆိုသူ၏ နည်းနာမှာ ထပ်တူညီမျှဖြစ်နေပါသည်။

ဗကပယူဂျီများသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ပြုခဲ့ချိန်တွင် အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မနတ)၊ ပြည်သူ့တိုးတက်ရေးပါတီနှင့် အမြဲစိမ်းလူငယ်များအဖွဲ့တို့ကို တရားဝင်မှတ်ပုံတင်၍ ထူထောင်ပြီး ဆူပူအုံကြွရေးကို ဦးတည်လှုပ်ရှားခဲ့သည်။

ထိုပါတီများကို ၁၉၈၉ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့၌ ပယ်ဖျက်အရေးယူခဲ့ရသည်။ ဗကပယူဂျီများသည် အခြားနိုင်ငံရေးပါတီ အသီးသီးသို့လည်း ဝင်ရောက်ထိုးဖောက်၍ နေရာယူခဲ့ကြသည်။ လျှို့ဝှက် အဖွဲ့အစည်းများဖွဲ့ပြီး နိုင်ငံရေး လေ့ကျင့်စီးသူများကို မြှောက်ပင့်သိမ်းသွင်းခဲ့ကြသည်။



၁၉–၆–၂၀၀၆ ရက်က သံ ၂/၁ ကားဖြင့် ဗြိတိန်သံအမတ်ကြီးနှင့် သံအရာရှိတစ်ဦးတို့ °NLDဌာနချုပ်သို့ လာရောက်စဉ်။

အလားတူ ပြည်သူတို့၏ ဒီမိုကရေစီတောင်းဆိုမှုနောက်ကွယ်တွင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာပြိုကွဲစေရန် အနောက်အုပ်စု၏ သွေးတိုးစမ်းမှုများလည်း ပါဝင်လာကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ၁၂–၉–၈၈ရက်စွဲဖြင့် ဆူပူအကြမ်းဖက်သူများက ၂၄ နာရီကြိုတင်သတိပေးကြေညာခြင်းဟူသော စာတစ်စောင်ကို ဖြန့်ဝေပြီး ရန်ကုန်မြို့အတွင်း အမြောက်လက်နက်များဖြင့် ပစ်ခတ်မည်ဟူ၍ ကြိုတင်အကွက်ဆင်ခဲ့ကြသည်။ ထိုစာတွင် တာဝန်ရှိသူများ၏ အမည်ကို လိမ်လည် ထည့်သွင်းကာ လက်မှတ်အတုရေးထိုးပြီး ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ကြိုတင်အကွက်ဆင်ကြေညာခဲ့သည့်အတိုင်းပင် စက်တင်ဘာလ ၁၂ရက်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့တောင်ဘက် မြန်မာ့ရေပိုင်နက် ရေမိုင် ၁၉၀ခန့်အကွာတွင် အမေရိကန်ရေတပ်သင်္ဘောအုပ်စု တစ်ခု ရောက်ရှိနေကြောင်းကို ကြယ်ငါးပွင့်ကော်ပိုရေးရှင်းပိုင် အင်းဝသင်္ဘောက တွေ့ရှိခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ တပ်မတော်က အမေရိကန် သံရုံးကိုမေးမြန်းရာ ၎င်းတို့က အံ့အားသင့်စွာဖြင့် ဟုတ်မှန်ကြောင်း၊ မြန်မာနိုင်ငံ၏အခြေအနေ ရုပ်ထွေးလာပါက အမေရိကန်သံရုံးမိသားစုများနှင့် ၎င်းနိုင်ငံသားများကို ကယ်တင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံခဲ့သည်။ သို့ရာတွင် ၎င်းတို့ကယ်တင်မည် ဆိုသော အမေရိကန်သံရုံးမှ မိသားစုများအပါအဝင် အခြားသံရုံးမှမိသားစု ၂၆၇ဦးသည် စက်တင်ဘာလ ၁၁ ရက်နေ့ကပင် စင်းလုံးငှားလေယာဉ်ဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာသွားနှင့်ခဲ့ကြပြီးဖြစ်သည်။

ထိုစဉ်ကပင် အမေရိကန်သံအမတ်နှင့် အမေရိကန် အထက်လွှတ်တော်အမတ်ဆိုသူတို့သည် ခါတော်မီ နိုင်ငံရေးသမားများထံ ဝင်ထွက်ပြီး ကြားဖြတ်အစိုးရဖွဲ့စည်းရန် အခါတော်ပေးခဲ့ကြသည်။ အစိုးရတာဝန်ရှိသူများကိုလည်း ကြားဖြတ်အစိုးရဖွဲ့စည်းပေးရန်တွန်းအားပေးပြီး မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခဲ့ကြသည်။ နောက်ပိုင်း၌လည်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်မယ်ဒလင်းအောလ်ဘရိုက် မြန်မာနိုင်ငံသို့လာရောက်ပြီး ခလောက်ဆန်ခဲ့သဖြင့် NLD မှ ကိုယ်စားလှယ်များ အမျိုးသားညီလာခံကို ကျောခိုင်းထွက်ခွာသွားခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်သည်။

၁၉၈၈ခုနှစ် အရေးအခင်းမှစ၍ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခဲ့သော အမေရိကန်နိုင်ငံသည် တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူပြီးလျှင်ပြီးချင်း မြန်မာနိုင်ငံအား စစ်ရေးနှင့် စီးပွားရေးအကူအညီများဖြတ်တောက်ပစ်ခဲ့သည်။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုပြီး NLD အား အာဏာလွှဲပေးရန် ဆက်တိုက်ဖိအားပေးခဲ့သည်။ ၁၉၉၇ခုနှစ်၌ မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုအားလုံးကို ပိတ်ပင်သည့် ဥပဒေကို အမေရိကန်ကွန်ဂရက်က အတည်ပြုခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် အမေရိကန်ကွန်ဂရက်က မြန်မာနိုင်ငံမှ သွင်းကုန် အားလုံးကို တားမြစ်လိုက်သည့်အပြင် နိုင်ငံရပ်ခြားရှိ မြန်မာတို့၏ ပိုင်ဆိုင်မှု အစုစုကိုလည်း ထုတ်မပေးရန် အမိန့်တစ်ရပ်ကို အတည်ပြု ချမှတ်ခဲ့သည်။

အလားတူပင် အနောက်အုပ်စုလက်ဝေခံ အသံလွှင့်ဌာနများကလည်း ၁၉၈၈ခုနှစ် အရေးအခင်းကို မီးလောင်ရာလေပင့်လုပ်ခဲ့ကြသည်။ ဆူပူအကြမ်းဖက်သူများ ချိန်ကိုက်လှုပ်ရှားနိုင်ရန်အတွက် နေ့စဉ် အစီအမံများကို ထုတ်လွှင့်ချမှတ်ပေးခဲ့သည်။ ဆူပူအကြမ်းဖက်သူများ၏ မင်းမဲ့စရိုက်ကို ဖုံးကွယ်ပုံဖျက်နိုင်ရန်အတွက် မဟုတ်မမှန်လုပ်ကြံသတင်းများကိုထုတ်လွှင့်ပြီး လမ်းလွှဲပေးခဲ့ကြသည်။ ဘီဘီစီသတင်းထောက် ခရစ္စတိုဖာဂါးနက်ဆိုသူသည် ဆူပူအကြမ်းဖက်သူတချို့နှင့် ပူးပေါင်း ဇာတ်တိုက်ကာ ကျောင်းသူအချို့ အဓမ္မပြုကျင့်ခံရသည်ဟူ၍ လုပ်ဇာတ်ဆင်ပြီး ဇာတ်နာအောင် ဖန်တီးထုတ်လွှင့်ခဲ့သည်။ ဘီဘီစီ၏ လုပ်ရပ်မှာ ၁၉၆၃ ခုနှစ်နောက်ပိုင်း ပဲခူးရိုးမ၌ ဗကပတို့ အကွက်ဆင် ဖန်တီးခဲ့သည့် ဘဝဟာစ်တိုင်လှုပ်ရှားမှုနှင့် တစ်ထပ်တည်းဖြစ်နေသည်ကို တွေ့ရှိရသည်။

ဗကပဗဟိုသည် တပ်မတော်၏ ထိုးစစ်ကြောင့် စိတ်ဓာတ်ကျဆင်းနေသော လက်အောက်ငယ်သားများအား သွေးထိုးလှုံ့ဆော်သည့်အနေဖြင့် ဘဝဟာစ်တိုင် လှုပ်ရှားမှုကို ဖန်တီးခဲ့ခြင်း ဖြစ်သည်။ ထိုလှုပ်ရှားမှုတွင် ဗကပတပ်နီအမျိုးသမီးအချို့က ၎င်းတို့အသီးသီးအား ခနရှင် မြေရှင်ဦးဘယ်သူက မတရားပြုကျင့်သည်၊ တပ်မတော်က မတရားပြုကျင့်သည်ဟူသော မဟုတ်မမှန် လုပ်ကြံဇာတ်လမ်းများကို မျက်ရည်လည်ရွဲငိုပွဲဆင်ကာ ကြားရသူများ ခံပြင်းဒေါသထွက်အောင် နှိုးဆွခဲ့ကြသည်။ ၎င်းတို့၏ မှားယွင်းနေသော လမ်းစဉ်နှင့် လုပ်ရပ်ကို ဖာထေးရန်အတွက် ဓားစာခံကို ပစ်မှတ်ထားပြီး လုပ်ကြံစွပ်စွဲခဲ့ကြသည်။ နောက်ပိုင်းကာလ တစ်လျှောက်တွင်လည်း ထိုနည်းလမ်းကိုပင် ကျင့်သုံးကာ နယ်ချဲ့နောက်လိုက်များ၊ SSA-S နှင့် အပေါင်းပါအဖွဲ့များက Licensed to Rape ဟူသော လုပ်ကြံစွပ်စွဲမှုကို ဖန်တီးလာခဲ့ကြောင်း ဆက်စပ်တွေ့ရှိရမည်ဖြစ်သည်။

ယင်းကာလနှင့် တစ်ဆက်တစ်စပ်တည်းမှာပင် ဗကပတို့က ၂၃–၉–၈၈ ရက်နေ့မှစ၍ အင်အားအလုံးအရင်းဖြင့် မိုင်းယန်းမြို့ကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ KNU တို့ကလည်း ၂၆–၉–၈၈ရက်နေ့မှစ၍ မဲသဝေါဒေသကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ တပ်မတော်

သည် အခက်အခဲ အကျပ်အတည်းမျိုးစုံ
အချုပ်အခြာအာဏာ လက်လွတ်မဆုံး
သားတို့၏ အသက်သွေးများစွာ ပေး
ထိုးစစ်ကြီးများကို တွန်းလှန်ချေမှုန်းနို

သို့ရာတွင် တပ်မတော်အစိုးရသ
ရေးကို ရှေးရှုပြီး တိုင်းရင်းသား လက်
အတွင်း ဝင်ရောက်နိုင်အောင် လမ်းဖွ
စေတနာမှန်နှင့် ဖြူစင်သောလုပ်ရပ်ကို
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ
လာခဲ့ကြသည်။ အရှေ့မြောက်ဒေသမှ ဗ
မှားယွင်းသောလမ်းစဉ်နှင့် လုပ်ရပ်
ပြိုကွဲခဲ့ရသည်။ ကွန်မြူနစ်ဝါဒကို တိုက
ရေးကို လိုလားသည်ဆိုသော အနောက်
ပျက်စီးသွားမှုကိုပင် အားရဝမ်းသာ မ
တပ်မတော်က KNU တို့၏ အခိုင်
သိမ်းပိုက်သည့်အခါတွင်မူ ထိုးစစ်ရပ်ဆို
ထအော်ခဲ့ကြသည်။ နယ်စပ်ဒေသ၌
နိုင်ရန်အတွက် ဒုက္ခသည်စခန်းများကို
လှည့်နှင့် အားပေးအားမြှောက်ပြုခဲ့ကြ

ပြည်တွင်းမှ ခါတော်မီ နိုင်ငံရေး
တွင် ပါဝင်ပတ်သက်သူများကို ဖမ်း
လာဟလများထုတ်လွှင့်ကာ အကြမ်း
ဘဝသို့ရောက်ရှိအောင်၊ လက်နက်ကိုင်

ပြည်တွင်းပြည်ပ အဖျက်သမားအားလုံးက ပြည်တွင်း ဆူပူအုံကြွမှုဖြစ်ပွားအော
လုပ်ကြရန် သွေးထိုးလှုံ့ဆော်၊ ယင်းသို့ ပြည်တွင်း ဆူပူအုံကြွမှုနည်းလမ်း မျိုးစုံကို
ဖြတ်လမ်းမှ နိုင်ငံတော်အာဏာရယူရေးအယူအဆကို တစ်သံတည်းပြိုင်တူ အချိန်
ခြင်းသည် သွေးရိုးသားရိုး သဘောရိုးမဟုတ်ကြောင်း သိသာထင်ရှား၊ ကြိုးကိုင်စီ
သော ပြည်ပဆရာကြီး၏ ကြိုတင်အကွက်ချပေးထားသည့် အစီအမံအတိုင်း
ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း တွေ့မြင်နိုင်၊ ပြည်ပဆရာကြီး ဦးစီးသော
၎င်း၏ဩဇာခံ လက်ကိုင်တုတ် ပုဆိန်ရိုးများ အာဏာရရှိရေးအတွက် မြန်မာပြ
အိုးအိမ် စည်းစိမ်များ ဆုံးရှုံးပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိ ဉာဏ်နီဉာဏ်န
နေခြင်းသာဖြစ်။

...င့်သောအမှန် (၂)

စိုးမြကျော်နှင့်စောမြအောင်

သည် အခက်အခဲ အကျပ်အတည်းမျိုးစုံကို ရင်ဆိုင်နေရသည့်ကြားမှပင် အချုပ်အခြာအာဏာ လက်လွတ်မဆုံးရှုံးစေရေးအတွက် တပ်မတော်သားတို့၏ အသက်သွေးများစွာ ပေးဆပ်ကာ သောင်းကျန်းသူတို့၏ ထိုးစစ်ကြီးများကို တွန်းလှန်ချေမှုန်းနိုင်ခဲ့သည်။

သို့ရာတွင် တပ်မတော်အစိုးရသည် အမျိုးသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်အောင် လမ်းဖွင့်ပေးခဲ့သည်။ တပ်မတော်၏ စေတနာမှန်နှင့် ဖြူစင်သောလုပ်ရပ်ကို နားလည်သဘောပေါက်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည်။ အရှေ့မြောက်ဒေသမှ ဗကပ(ဗဟို)သည်လည်း ၎င်းတို့၏ မှားယွင်းသောလမ်းစဉ်နှင့် လုပ်ရပ်ကြောင့် ကိုယ့်ဓာတ်ကိုယ်မနိုင်ဘဲ ပြိုကွဲခဲ့ရသည်။ ကွန်မြူနစ်ဝါဒကို တိုက်ဖျက်ပြီး ဒီမိုကရေစီ ထွန်းကားရေးကို လိုလားသည်ဆိုသော အနောက်ဆရာကြီးများသည် ဗကပပြိုကွဲပျက်စီးသွားမှုကိုပင် အားရဝမ်းသာ မဖြစ်နိုင်ခဲ့ကြောင်း တွေ့ရသည်။ တပ်မတော်က KNU တို့၏ အခိုင်အမာစခန်းများကို တိုက်ခိုက်သိမ်းပိုက်သည့်အခါတွင်မူ ထိုးစစ်ရပ်ဆိုင်းပေးရန်ဟူ၍ ငယ်သံပါအောင် ထအော်ခဲ့ကြသည်။ နယ်စပ်ဒေသ၌ KNU တို့ ရပ်တည်ခိုအောင်းနိုင်ရန်အတွက် ဒုက္ခသည်စခန်းများကို တီထွင်ဖန်တီးကာ တစ်ဖက်လှည့်နှင့် အားပေးအားမြှောက်ပြုခဲ့ကြသည်။

ပြည်တွင်းမှ ခါတော်မီ နိုင်ငံရေးသမားများကလည်း အရေးအခင်းတွင် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးအရေးယူနေသည်ဟု ကောလာဟလများထုတ်လွှင့်ကာ အကြမ်းဖက်ဆူပူသူအချို့ကို ပြည်ပြေးဘဝသို့ရောက်ရှိအောင်၊ လက်နက်ကိုင်သောင်းကျန်းသူများဖြစ်အောင်

၂၁-၆-၂၀၀၆ ရက်က သံ ၁/၄၃ ကားဖြင့် အမေရိကန် သံရုံးမှ ဝန်ထမ်းတစ်ဦး NLD ဌာနချုပ်သို့ လာရောက်စဉ်။

...ည်တွင်း ဆူပူအုံကြွမှုဖြစ်ပွားအောင် နည်းလမ်းအစုံစုံဖြင့်
...င်း ဆူပူအုံကြွမှုနည်းလမ်း မျိုးစုံကို ထုတ်လွှင့်ဖြန့်ဝေကာ
...ဆကို တစ်သံတည်းပြိုင်တူ အချိန်ကိုက် ကြွေးကြော်နေ
...ာင်း သိသာထင်ရှား၊ ကြိုးကိုင်စီမံနေသူ တစ်ဦးတည်း
...ပးထားသည့် အစီအမံအတိုင်း အတိုင်အဖောက်ညီညီ
...င်၊ ပြည်ပဆရာကြီး ဦးစီးသော ဤလုပ်ရပ်များသည်
...အာဏာရရှိရေးအတွက် မြန်မာပြည်သူများ၏ အသက်
...ည်ရွယ်ချက်ရှိရှိ၊ ဉာဏ်နီဉာဏ်နက် အတိဖြင့် လုပ်ကြံ

တွန်းပို့ခဲ့ကြသည်။ ပြည်တွင်း နိုင်ငံရေးသမားဆိုသူများသည် သောင်းကျန်းသူစခန်းများသို့ ဥဒဟိုသွားလာ ဆက်သွယ်ခဲ့ကြသည်။ ပြည်ပြေးများ၊ သောင်းကျန်းသူများကလည်း ပြည်တွင်းရှိ နိုင်ငံရေးပါတီရုံးများသို့ လျှို့ဝှက်ဝင်ရောက် နေထိုင်သည်အထိ ဖြစ်လာခဲ့သည်။ ဒုက္ခသည်စခန်းအမည်ခံ သောင်းကျန်းသူစခန်းများသို့ အနောက်ဆရာကြီးများ၏ သံတမန်ဆိုသူများ၊ လက်ဝေခံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကလည်း ခြေချင်းလိမ်အောင် ဝင်ထွက်သွားလာခဲ့ကြသည်။ ငွေကြေးကူညီထောက်ပံ့မှုများပြုလုပ်ရုံမက နိုင်ငံရေးအန်တုမှုသင်တန်းများ၊ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ အဆက်မပြတ်ပေးခဲ့ကြသည်။

ထိုကာလမှာပင် NLD ပါတီ၌ ဗကပများ ဝန်းရံနေသည်ဆိုပြီး အကွဲအပြဲများ ဖြစ်ခဲ့ကြသည်။ မြေပေါ်နိုင်ငံရေးပါတီအချို့မှ လူငယ်ခေါင်းဆောင်များနှင့် ဗကပယူဂျီများ၏ ဆက်စပ်ပတ်သက်မှု အရှုပ်အထွေးများဖြစ်ပေါ်ခဲ့သည်။ များမကြာမီမှာပင် NLD က အမိန့်အာဏာဟူသမျှ ဆန့်ကျင်ကြဟူသော အာဏာဖီဆန်ရေး လမ်းကြောင်းကို ချမှတ်ဖော်ဆောင်ခဲ့သည်။ နိုင်ငံတော်မပြိုကွဲအောင် ကာကွယ်တည့်မတ်ပေးနေသော တပ်မတော်အစိုးရအား အာဏာရှင်အစိုးရအဖြစ် သတ်မှတ်ပြီး တပ်မတော်အစိုးရ ပြုတ်ကျကာ NLD အာဏာရရှိရေးကို ဒီမိုကရေစီရေးဟူ၍ လွဲမှားစွာ ခံယူလုပ်ဆောင်ခဲ့ကြသည်။

အမေရိကန်အစိုးရ၏ နိုင်ငံခြားရေးဝန်ကြီးဖြစ်လာခဲ့သူ မယ်ဒလင်းအောလ်ဘရိုက်နှင့် အပေါင်းပါများက ၁၉၉၈ခုနှစ် ဩဂုတ်လအတွင်း၌ လူထုပေါက်ကွဲမှုကြီးဖြစ်တော့မည်ဟု နှပ်ကြောင်းပေး အချက်ပြခဲ့သည်။ ပြည်ပြေး ဝရမ်းပြေးများက ပြည်တွင်းသို့ဝင်ရောက်ပြီး ကိုးလေးလုံးအထိမ်းအမှတ် ဆူပူအုံကြွမှုများဖြစ်အောင် လှုံ့ဆော်စာများ ဖြန့်ဝေနေစဉ် သက်ဆိုင်ရာက ဖော်ထုတ်ဖမ်းဆီး အရေးယူခဲ့ရသည်။ ဩဂုတ်လ ၉ ရက်နေ့တွင် အမေရိကန်နိုင်ငံသား ခြောက်ဦး၊ ထိုင်းနိုင်ငံသား နှစ်ဦး၊ မလေးရှားနိုင်ငံသားသုံးဦးအပါအဝင် နိုင်ငံခြားသား ၁၈ဦးက ရန်ကုန်မြို့ လူစည်ကားရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဈေးနှင့် အခြားနေရာအချို့တွင် ရှစ်လေးလုံးနေ့ မမေ့ကြနှင့်ဟူသော မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးထားသည့် လှုံ့ဆော်စာများကို ဖြန့်ဝေနေစဉ် ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးပြီး သက်ဆိုင်ရာသို့ အပ်နှံခဲ့သည်။ ၎င်းနိုင်ငံခြားသား ဆူပူမှုလှုံ့ဆော်ရေးသမား ၁၈ ဦးသည် အမေရိကန်နိုင်ငံရှိ International Organization for Democracy in Burma အဖွဲ့မှတစ်ဆင့် ထိုင်းနိုင်ငံရှိ Alternative ASEAN Network on Burma အဖွဲ့ကို အသုံးချပြီး မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ယင်းသို့ ပြည်တွင်းပြည်ပပူးပေါင်းပြီး အာဏာဖီဆန်ရေး ဆူပူအုံကြွမှုဖြစ်ပေါ်အောင် လုပ်ဆောင်လာခြင်းကို ၎င်းတို့အကြောင်း ကောင်းကောင်းကြီးသိထားသော ပြည်သူလူထုက လုံးဝလိုလားထောက်ခံမှု မပြုသောအခါ ပြည်ပဆရာကြီးများနှင့် လက်ပါးစေများက မြန်မာနိုင်ငံအပေါ် မဟုတ်မမှန်သော လုပ်ကြံစွပ်စွဲမှု အမျိုးမျိုးဖြင့် ထိုးနှက် တိုက်ခိုက်လာကြပြန်သည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် အားနည်းချက်များရှိနေသည်၊ လူ့အခွင့်အရေးချိုးဖောက်နေသည်၊ နိုင်ငံရေးအကျဉ်းသားများအား ဖမ်းဆီးထိန်းသိမ်းထားသည်၊ အဓမ္မလုပ်အားပေးခိုင်းစေမှုများ ရှိနေသည်၊ ကလေးစစ်သားများ အသုံးပြုနေသည် စသည့် စွပ်စွဲမှုများဖြင့် နှစ်စဉ်အစီရင်ခံစာများထုတ်ပြန်ကာ တစ်ဖက်သတ်ဖိအားပေးခဲ့ပြန်သည်။

ပြည်ပြေးသောင်းကျန်းသူများကလည်း ၁၉၈၈ ခုနှစ် အရေးအခင်းကာလက ဘီဘီစီလုပ်ခဲ့သည့်အတိုင်းပင် ပြည်တွင်းပြည်ပ ချိတ်ဆက်၍လည်းကောင်း၊ ပြည်တွင်းမှနိုင်ငံရေးပါတီဝင်များနှင့် ချိတ်ဆက်၍ လည်းကောင်း မြန်မာနိုင်ငံအတွင်း မဟုတ်မမှန်သတင်းများကို ရယူပြီး နိုင်ငံတကာသို့ ပေးပို့ဖြန့်ဝေခဲ့ကြသည်။ ပြည်ပဆရာကြီးများ၏ လက်ပါးစေအဖွဲ့အစည်းများကလည်း နယ်စပ်၌ ခိုကပ်နေရသည့် သောင်းကျန်းသူများထံသွားရောက်ပြီး မဟုတ်မဟတ် လုပ်ဇာတ်ခင်းထားသော အစီရင်ခံစာများကို ရေးသားထုတ်လွှင့် ဖြန့်ဝေခဲ့ကြသည်။ နိုင်ငံတကာမှ ထင်ယောင်ထင်မှားဖြစ်အောင် မီဒီယာ အားသာချက်ဖြင့် ယင်းသို့ တိုက်ကွက်ဆင်နေစဉ်မှာပင် ပြည်တွင်း၌ မတည်မငြိမ်မှုများ၊ စိုးရိမ်ထိတ်လန့်မှုများဖြစ်အောင် ဖောက်ခွဲရေးသမားများစေလွှတ်ကာ ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုကာလတစ်လျှောက်လုံးမှာပင် အနောက်အုပ်စု သံရုံးများမှ သံတမန်များ၊ ဝန်ထမ်းများသည် NLDရုံးချုပ်သို့ နေ့စဉ်နှင့်အမျှ ဥဒဟိုဝင်ထွက်သွားလာ နေခဲ့ကြသည်။ အပြန်အလှန်လည်ပတ်ပြီး ညှော်ခံကျွေးမွေးကြသည်။ NLD ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။ စာပေးစာယူများ ပြုလုပ်ကြသည်။ NLD က ကျင်းပသော အခမ်းအနားဟူသမျှကို တက်ရောက်ကြသည်။ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ရှိ NLD ရုံးများသို့လည်း အိမ်ဦးနှင့်ကြမ်းပြင်ပမာ သွားရောက်ခဲ့ကြသည်။ ၂၀၀၅ ခုနှစ် မတ်လတစ်လတည်းမှာပင် သံတမန်ဆိုသူများ NLD ရုံးသို့ ဝင်ထွက်သွားလာမှု အကြိမ်ပေါင်း (၅၁)ကြိမ်ရှိကြောင်း သိရရာ ရုံးပိတ်ရက်များမှအပ တစ်နေ့လျှင် အနည်းဆုံးနှစ်ကြိမ် ဝင်ထွက်သွားလာနေကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ယင်းသို့ ဖြစ်ပျက်နေချိန်တွင် မြန်မာနိုင်ငံအပေါ် အနောက်ဆရာကြီးများနှင့် လက်ပါးစေများ အကြိမ်ကြိမ် လုပ်ကြံ စွပ်စွဲနေသည့် စွပ်စွဲမှုအမျိုးမျိုးကိုစုစည်းပြီး မြန်မာနိုင်ငံ၏ အခြေအနေ-လုံခြုံရေးကို ခြိမ်းခြောက်နေခြင်းဟူသည့် အစီရင်ခံစာကို ချက်သမ္မတဟောင်း ဟာဗဲလ်နှင့် တောင်အာဖရိကမှ နိုဘယ်ဆုရှင် ဘုန်းတော်ကြီးတူးတူးတို့က ကမကထပြုတင်သွင်းသည်ဟုဆိုကာ မြန်မာနိုင်ငံ၏အရေးကို ကုလသမဂ္ဂက အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုလာခဲ့ကြသည်။ မရှေးမနှောင်းမှာပင် ကမ္ဘာလုံးဆိုင်ရာ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းရန်ပုံငွေအဖွဲ့ကို မြန်မာနိုင်ငံမှ အကြောင်းပြ ထွက်ခွာစေပြီး မြန်မာအစိုးရအပေါ် အပြစ်ပုံချကာ ဖိအားပေးခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် အနောက်အုပ်စု လက်ပါးစေ အသံလွှင့်ဌာနများကလည်း ပြည်တွင်း၌ တည်ငြိမ်မှု ပျက်ပြားစေရန်နှင့် ကုန်ဈေးနှုန်းများ ကမောက်ကမဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် သတင်းအမျိုးမျိုးကို ဖောင်းပေးပြီး သပ်လျှိုထုတ်လွှင့်ခဲ့ကြသည်။

ဟာဗဲလ်နှင့်တူးတူးတို့၏ အစီရင်ခံစာကိုအကြောင်းပြုပြီး အမေရိကန်အစိုးရက မြန်မာနိုင်ငံ၏အရေးသည် ဒေသလုံခြုံရေးနှင့် နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်နေသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်ပေးရန် စီမံတောင်းဆိုပြီး ဖိအားပေးခဲ့ပြန်သည်။ ပြည်တွင်းမှ မျိုးဆက်သစ်ဆိုသူများကလည်း မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့်ပညာရေးအခြေအနေ အလွန်ဆိုးရွားနေသဖြင့် နိုင်ငံတကာမှ အကူအညီပေးရန်ဟူ၍ ခါတော်မီ ထုတ်ပြန်ကြေညာခဲ့ကြပြန်သည်။

မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ပြည်တွင်းရေးသာဖြစ်ပြီး ဒေသနှင့်နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်ရာမရောက်သဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ သောင်တင်နေချိန်တွင် ရန်ကုန်မြို့ရှိ အနောက်အုပ်စုသံရုံးအချို့နှင့် NLD ပါတီတို့ အချိတ်အဆက်ပြုလုပ်ကာ တရားမဝင်သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ကြပြန်သည်။ NLD မှ တာဝန်ရှိသူများသည် အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့နှင့်ဆက်သွယ်ပြီး ဗြိတိသျှသံရုံး၌ဖွင့်လှစ်သော အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းနှင့် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းကိုလည်းကောင်း၊ အမေရိကန်စင်တာတွင်ဖွင့်လှစ်သော အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း၊ အပြည်ပြည်ဆိုင်ရာ

၆-၆-၂၀၀၆ ရက်က သံ ၄/၁ ကားဖြင့် ပြင်သစ်သံရုံးမှ သံအရာရှိတစ်ဦး NLD ဌာနချုပ်သို့ လာရောက်စဉ်။

ဆက်ဆံရေးသင်တန်းနှင့်ကမ္ဘာလုံးဆိုင်ရာနည်းပညာ ဖြန့်ကြက်မှုသင်တန်းတို့ကိုလည်းကောင်း NLD ပါတီဝင်များအား အခမဲ့တက်ရောက်သင်ကြားစေခဲ့သည်။ ၎င်းသင်တန်းများသို့ "NLD"မှ ဒုတိယတန်းစားခေါင်းဆောင်များနှင့် လွှတ်တော်ကိုယ်စားလှယ်အချို့ တက်ရောက်လျက်ရှိသည်။ ယင်းသင်တန်းများသည် အနောက်ဆရာကြီးများနှင့် ပြည်တွင်းမှပုဆိန်ရိုးများ၏ ဆရာမွေး၊ တပည့်မွေး သင်တန်းများသာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေသည်။ ၎င်းသင်တန်းများတွင် အခြားမည်သည့်ဘာသာရပ်များကိုပါ သွတ်သွင်း သင်ကြားပေးနေသည်၊ ၎င်းတို့ရှေ့ဆက်မည့် အစီအမံများ မည်သို့ရှိသည်ကို ၎င်းတို့ကိုယ်တိုင် ပိုမိုသိရှိကြလိမ့်မည်ဖြစ်သည်။

အဆိုပါလုပ်ရပ်များနှင့် တစ်ဆက်တည်းမှာပင် NLD ပါတီက ပြည်ထောင်စုနေ့ အထူးကြေညာချက်အပါအဝင် ကြေညာချက်အမျိုးမျိုးကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုအထူးကြေညာချက်များတွင် ဒေါ်စုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရေး၊ ၎င်းတို့နှင့် တွေ့ဆုံဆွေးနွေးရေးကို အဓိကထား တောင်းဆိုခဲ့သည်။ မြန်မာနိုင်ငံ၌ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေအနေများ ဆိုးရွားနေသဖြင့် နိုင်ငံတကာမှ အကူအညီရယူရန်လိုအပ်ကြောင်း၊ နိုင်ငံတကာမှ အကူအညီ ပေးနိုင်ရန်အတွက် လက်ရှိ နိုင်ငံတော်အစိုးရအား တရားဝင်အစိုးရဖြစ်အောင် လုပ်ဆောင်မှုရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးချယ် ခံထားရသော ကိုယ်စားလှယ်များအား လွှတ်တော်ခေါ်ယူပေးရန်နှင့် လွှတ်တော်က လက်ရှိအစိုးရအား တရားဝင်အစိုးရအဖြစ် ကြေညာပေးမည်ဖြစ်ကြောင်းဖော်ပြခဲ့သည်။ NLD၏ ကြေညာချက်အမျိုးမျိုးကို ကြည့်ပါက နိုင်ငံတကာနှင့် မြန်မာပြည်သူများ သို့လောသို့လော တွေးတောစရာဖြစ်အောင် လုပ်ကြံဝါဒဖြန့်မှုများ ပါဝင်နေသည်ကိုတွေ့ရှိရမည်ဖြစ်သည်။

ယင်းသို့ ပြည်တွင်းပြည်ပ မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်နှင့် ပြည်ပြေးတိုက်ကွက်များ အဆက်မပြတ်လုပ်ဆောင်ရင်း တစ်ပြိုင်တည်းမှာပင် ပြည်တွင်းပြည်ပအဖျက်သမားများနှင့် အနောက်အုပ်စုအသံလွှင့်ဌာနများ ချိတ်ဆက်ပြီး မြန်မာနိုင်ငံ၏အရေးကိစ္စအပေါ် ပြည်ပ၏ ဝင်ရောက်ဖိအားပေးမှုကို အားပြုကာ ပြည်တွင်းဆူပူအုံကြွမှုဖြင့် ပေါင်းစပ်လုပ်ဆောင်မှုရမည်ဟူသော အယူအဆကို အဆက်မပြတ် သွတ်သွင်းလျက်ရှိကြောင်း လေ့လာဆန်းစစ် တွေ့ရှိနေရပါသည်။ ဗကပလက်ကျန်များကလည်းကောင်း၊ NCUB နှင့်တကွ ပြည်ပြေးများကလည်းကောင်း၊ ပါတီနိုင်ငံရေးသမား၊ ဝါရင့်နိုင်ငံရေးသမား၊ မျိုးဆက်သစ်နိုင်ငံရေးသမား၊ တစ်ကိုယ်တော်နိုင်ငံရေးသမား ဆိုသူများကလည်းကောင်း ပြည်တွင်း ဆူပူအုံကြွမှုဖြင့် နိုင်ငံတော်အာဏာရယူရေး အယူအဆကို အကြိမ်ကြိမ် အထပ်ထပ်ပြောပြီး ဇွတ်အတင်း သွတ်သွင်းနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ယနေ့ကာလတွင် ပြည်တွင်းပြည်ပ အဖျက်သမားအားလုံးက ပြည်တွင်း ဆူပူအုံကြွမှုဖြစ်ပွားအောင် နည်းလမ်းအစုံစုံဖြင့် လုပ်ကြရန် သွေးထိုးလှုံ့ဆော်နေကြပါသည်။ ယင်းသို့ ပြည်တွင်းဆူပူအုံကြွမှုနည်းလမ်းမျိုးစုံကို ထုတ်လွှင့်ဖြန့်ဝေကာ ဖြတ်လမ်းမှ နိုင်ငံတော်အာဏာရယူရေးအယူအဆကို တစ်သံတည်းပြိုင်တူ အချိန်ကိုက်ကြွေးကြော်နေခြင်းသည် သွေးရိုးသားရိုး သဘောရိုးမဟုတ်ကြောင်း သိသာထင်ရှားလှပါသည်။ ဤဆောင်းပါးတွင် အဆင့်ဆင့် ဖော်ပြထားသည့်အတိုင်း ကြိုးကိုင်စီမံနေသူ တစ်ဦးတည်းသော ပြည်ပဆရာကြီး၏ ကြိုတင်အကွက်ချပေးထားသည့် အစီအမံအတိုင်း အတိုင်အဖောက်ညီညီ ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။ ပြည်ပဆရာကြီးဦးစီးသော ဤလုပ်ရပ်များသည် ၎င်း၏သြဇာခံ လက်ကိုင်တုတ် ပုဆိန်ရိုးများ အာဏာရရှိရေးအတွက် မြန်မာပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိ၊ ဉာဏ်နီ ဉာဏ်နက်အတိဖြင့် လုပ်ကြံနေခြင်းသာဖြစ်ကြောင်း လေ့လာဆန်းစစ် တွေ့မြင်ရမည်ဖြစ်ပါသည်။ ။

၂၀၀၆ ကမ္ဘာ့ ဖလားပွဲစဉ်များနှင့် သူတို့အမြင်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိရာ ဇွန် ၂၂ ရက် **(ယနေ့)**ကစားကြမည့် ဘောလုံးပွဲစဉ်များနှင့် ပတ်သက်၍ အမြင်များကို ဆက်သွယ်မေးမြန်းဖော်ပြလိုက်ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးရဲထွဋ်တင်

– ချက်နှင့်အီတလီပွဲဆိုရင် ချက်ကစားပုံ ပိုကြိုက်တယ်။ အီတလီအသင်းက ခြေမမှန်ဘူး၊ ချက်ရဲ့ကြိုးစားမှုနဲ့ အားထည့်မှုတွေက အီတလီထက်သာတယ်။ အီတလီသမ္မာရှိပေမယ့် ချက်ကို ပိုသဘောကျတယ်။

– ဂါနာနဲ့အမေရိကန်ပွဲကတော့ ဂါနာတို့ တွန်းတွန်းတိုက်တိုက်ကစားတာ ကောင်းပေမယ့် အဆုံးသတ်မကောင်းဘူး၊ အမေရိကန်တို့က ဂါနာထက် အဆုံးသတ်ပိုင်းမှာ ပိုကောင်းတယ်။ ဂါနာတို့ အမေရိကန်ကို မနိုင်နိုင်ဘူး ထင်တယ်။

– ဂျပန်နဲ့ဘရာဇီးပွဲကတော့ ခြေကွာပါတယ်။ ဘရာဇီးတို့ ဒီပွဲမှာ အရန်လူတွေထည့်သုံးမယ်ထင်တယ်။ ဘရာဇီးတို့က ဂျပန်ကိုထိန်းပြီး ကစားသွားမှာပါ။ ဘရာဇီးတို့က အနာခံပြီး အားထည့်ကစားမှာ မဟုတ်ဘူး။ ဒါပေမယ့် ဂျပန်တို့က ခြေသွက်ပြီး ကစားမှာဆိုတော့ ဘရာဇီးအတွက် သရေနဲ့အနိုင်ပါပဲ။

– ခရိုအေးရှားနဲ့ ဩစတြေးလျပွဲမှာ ခရိုအေးရှားတို့က ခြေသာပါတယ်။ ခရိုအေးရှားရဲ့ ထိုးဖောက်မှုက တစ်ချီတစ်ချီမှာ အရမ်းမြန်လို့ ဩစတြေးလျတို့ သတိထားရမှာပါ။ ဩစတြေးလျက အခုထိ ခြေမမှန်သေးဘူး၊ ဗီဒူကာတို့ကလည်း ထင်သလောက်ဂိုးမသွင်းနိုင်ဘူး။ အကြိုက်ကတော့ ခရိုအေးရှားပါ။

ရုပ်ရှင်သရုပ်ဆောင် ဇင်ဝိုင်း

– ချက်နဲ့ အီတလီပွဲဆိုရင် ချက်အသင်းက စိတ်ဓာတ်ကောင်းတယ်။ ကြိုးစားတယ်။ ဖိဖိစီးစီး ကစားတယ်။ ဒါပေမယ့် ချက်အသင်းမှာ ရှေ့တန်းတိုက်စစ် သိပ်မကောင်းဘူး။ အီတလီတို့က သမ္မာရှိပေမယ့် အင်နဲ့အားနဲ့ မကစားနိုင်ဘူး။ အနိုင်ရလိုစိတ် မပြင်းထန်ဘူး။ ဒါကြောင့် ချက်အသင်းကို ပိုကြိုက်တယ်။

– ဂါနာနဲ့အမေရိကန်ပွဲစဉ်ကတော့ ဂါနာတို့က ကစားတာ မာရေကျောရေ ရှိတယ်။ မြန်တယ်၊ ကြံ့ခိုင်တယ်။ အမေရိကန်တို့က အနိုင်ရလိုစိတ် ပြင်းထန်တယ်။ ရှုံးပေမယ့် အမြဲ ဖွင့်ကစားတတ်တယ်။ ဂါနာတို့ ကစားအားကို အမေရိကန်တို့ မခံနိုင်ဘူးထင်တယ်။

– ဂျပန်နဲ့ဘရာဇီးပွဲစဉ်မှာ ဘရာဇီးတို့ တကယ်ကစား၊ မကစားပဲ ကြည့်ရမှာ၊ ဘရာဇီး တကယ်ကစားရင် ဂျပန်တို့ မလွယ်ပါဘူး၊ ခြေစွမ်း၊ သမ္မာနဲ့ အစဉ်အလာတွေမှာ ဘရာဇီးကို မယှဉ်နိုင်ပါဘူး။

– ခရိုအေးရှားနဲ့ ဩစတြေးလျပွဲအတွက် ခရိုအေးရှား ကစားတာ သိပ်အားမရဘူး၊ ဒီဘက်နှစ်ပိုင်းတွေမှာ ခရိုအေးရှားခြေဟာ အရင်လို ပြန်တက်မလာဘူး၊ ဩစတြေးလျက ဖိဖိစီးစီးနဲ့ ကစားရင် ခရိုအေးရှားကို အနိုင်ရမှာပါ။ ဒါပေမယ့် ဩစတြေးလျ တိုက်စစ်မှူးတွေကလဲ လွဲချော်တတ်မှုရှိနေပြန်တယ်။ အကြိုက်ကတော့ ဩစတြေးလျပါ။

(မြန်မာ့အလင်း)

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပွဲကုန်းရပ် ၂၇လမ်း လမ်း၉၀ အနောက်ခင်မကန်တိုက်၊ ပရိယတ္တိ၊ ပဋိပတ္တိသာသနာပြုထေရဝါဒမဇ္ဈိမ ပိဋိပဒါဝိဘင္ဂဝါဒဝိပဿနာကျမ်းပြု မန္တလေးဆရာတော် ဘဒ္ဒန္တနာရဒ ဓမ္မာစရိယ စာချ မဟာဓမ္မကထိက ဗဟုဇန ဟိတရေ၊ အဂ္ဂမဟာပဏ္ဍိတ အရှင်မြတ်က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ လာရောက်လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီး လက်ခံယူစဉ်။

(က-ပ)

စက်ရုံပြုပြင်မွမ်းမံမှုလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုးစားလျာထားချက်များပြည့်မီရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ဆောင်ရွက်

ရန်ကုန် ဇွန် ၂၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇွန် ၁၈ရက် မွန်းလွဲပိုင်းက မကွေးတိုင်း စလေမြို့ရှိ အမှတ်(၁) ဓာတ်မြေဩဇာစက်ရုံ(စလေ)သို့ သွားရောက်စစ်ဆေးသည်။ (အောက်ပုံ)

ဝန်ကြီးအား စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး ဦးတင်မောင်ဆွေက လက်ရှိထုတ်လုပ်နေမှု အခြေအနေနှင့် စက်ရုံပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က စက်ပစ္စည်းများရောက်ရှိမှုနှင့် ပြင်ဆင်မွမ်းမံမှုများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက စက်ရုံပြုပြင်မွမ်းမံမှုလုပ်ငန်းများ အချိန်မီပြီးစီးရေး နည်းလမ်းပေါင်းစုံဖြင့်ကြိုးစားကြရန်၊ စက်ရုံအလိုက် လျာထားချက်များကို ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် ဝန်ထမ်းများအားလုံး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားပြီး ဓာတ်မြေဩဇာ အထွက်တိုးရေး ဆက်လက်ဆောင်ရွက်သွားရမည့် အစီအစဉ်များကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း Synthesis Gas Compressor ၊ Main Bearing နှင့် Crank Pin Bearing ပြုပြင်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင်မှုလုပ်ငန်းများကို Technically စေ့စပ်သေချာစွာဖြင့် ဂရုတစိုက် လုပ်ဆောင်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ညောင်ဦးမြို့ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၃၆၆)သို့ ရောက်ရှိပြီး စက်သုံးဆီဖြန့်ဖြူးရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးကာ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ စက်သုံးဆီ အချင်အတွယ် မှန်ကန်စေရေး၊ အများပြည်သူတို့နှင့် ဆက်ဆံရေးပြေပြစ်ကောင်း မွန်စေရေးတို့အတွက် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

ပေါ်တူဂီအသင်းသည်သရေကစားရုံဖြင့် အုပ်စုပထမရရှိမည်ဖြစ်သော်လည်း ခြေစွမ်းပြကစားပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီး ခြောက်မိနစ်အကြာတွင် မန်နစ်ချ်ကသွင်းယူပြီး ဒုတိယဂိုးကို ၂၄ မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ဆီမာအိုကသွင်းယူပေးသည်။ မက္ကဆီကိုအတွက် ချေပတစ်ဂိုးကို ၂၉ မိနစ်တွင် ဖွန်ဆီကာက သွင်းသည်။

ပယ်နယ်တီမဝင်

မက္ကဆီကိုအသင်းက ပွဲချိန် ၅၈ မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ အိုမာဘရာဗိုကန်သွင်းသော်လည်း ဂိုးမဝင်၍ တစ်ဂိုးနစ်နာခဲ့ရသည်။ မိနစ် ၆၀ တွင် မက္ကဆီကိုအသင်းမှ ပီရက်ဇ် အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီး ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသည်။ ဒုတိယပိုင်း၌ ပေါ်တူဂီအသင်းက အမာခံကစားသမားများကို လူစားလဲပြီး အရန်ကစားသမားများကို ပွဲထုတ်ကစားသွားသည်။

တစ်ဂိုးစီသရေ

အုပ်စု(ဃ)မှ အီရန်အသင်းနှင့် အင်ဂိုလာအသင်းတို့ ယနေ့ညနေရီခွဲက လိုက်ပ်ဇစ်မြို့ရှိ Zentral Stadion အားကစားကွင်း၌ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

အင်ဂိုလာအသင်းသည် အုပ်စုတက်ရန် မျှော်လင့်ချက်ရှိနေသေး၍ ကြိုးစားကစားရာ မိနစ်၆၀တွင် ဖလာဗီယိုက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ အီရန်အသင်းက ဂုဏ်သိက္ခာအတွက် ခြေကုန်ထုတ်ကစားရာ ၇၅ မိနစ်တွင် ဘက်ခ်တီယာရီဇာဒက်က ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ပွဲအပြီးတွင် တစ်ဂိုးစီသရေပွဲဖြစ်သွားရာ နှစ်သင်းစလုံး အုပ်စုအဆင့်ဖြင့်ကျေနပ်လိုက်ရသည်။

အုပ်စု(ဃ)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ပေါ်တူဂီအသင်းက သုံးပွဲကစား၊ သုံးပွဲနိုင် (၉)မှတ်ဖြင့် အုပ်စု ပထမ၊ မက္ကဆီကိုအသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး (၄)မှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားသည်။ အင်ဂိုလာအသင်းက သုံးပွဲကစား နှစ်ပွဲသရေ၊ တစ်ပွဲရှုံး (၂)မှတ်၊ အီရန်အသင်းက သုံးပွဲကစား တစ်ပွဲသရေ၊ နှစ်ပွဲရှုံး (၁)မှတ်ဖြင့် အုပ်စုအဆင့်မှ ထွက်သွားရသည်။

(မြန်မာ့အလင်း)

ညောင်တုန်းကျောင်းတိုက် (၂၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၌ ပုရိမဝါဆိုဝါကပ်တော်မူကြမည့် စာချစာသင်သံဃာတော်အပါး ၂၅၀ ကျော်တို့အား ပရိယတ္တိသာသနပါလအသင်း အမှုဆောင်အဖွဲ့က ကြီးမှူး၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်) ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၁-၅၅၅၅၄၇နှင့် ၀၁-၅၄၉၈၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝါတွင်းယမိုက်နှင့် ပဌာန်းသင်တန်းပို့ချမည်

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြို့ ဆူးလေစေတီတော်ရင်ပြင်(အနောက်မုခ်)ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းတိုက်၌ (အဘိဓမ္မာညဝါ)၊ ယမိုက်၊ ပဌာန်းသင်တန်းများကို ဇူလိုင် ၁၀ ရက် (၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်) တနင်္လာနေ့မှ စတင်၍ နေ့စဉ် (ဥပုသ်နေ့မှအပ) မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ မည်သူမဆို တက်ရောက် နာယူသင်ကြားနိုင်ကြောင်း သိရသည်။

သင်တန်းပြဆရာဦးကာဝိက အထက်ယမိုက်(သင်္ခါရ၊ အနုသယ၊ စိတ္တ၊ ဓမ္မ၊ ဣန္ဒြိယ)တို့ကို တနင်္လာ၊ အင်္ဂါနေ့များတွင် လည်းကောင်း၊ ဆရာဦးစိုးကြည်က အောက်ယမိုက် (မူလ၊ ခန္ဓ၊အာယတန၊ ဓာတု၊ သစ္စ) တို့ကို ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင်လည်းကောင်း၊ ဆရာဦးတင်ထွဋ်က ပဌာန်းဆဝါရဝိဘင်္ဂကို သောကြာနေ့တွင်လည်းကောင်း၊ ဆရာ ဦးတင်ထွဋ်ကပင် ပဌာန်းပဉ္စဝါရဝိဘင်္ဂကို စနေ၊ တနင်္ဂနွေနေ့များတွင် လည်းကောင်း၊ သင်္ဂြိုဟ်သင်တန်း၊ ဝိသုဒ္ဓိမဂ်သင်တန်းနှင့်အခြားသင်တန်းများကိုလည်းယခင်မူလအစီအစဉ်များအတိုင်း သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းပြီးဆုံးရက်မှာ အောက်တိုဘာ ၅ ရက်(သီတင်းကျွတ်လဆန်း ၁၄ ရက်) ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဇွန် ၂၀ရက်က မင်္ဂလာတောင်ညွန့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဦးစီး၍ မိုးရာသီ သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်ရေးအတွက် ကူးတို့ဆိပ်ရပ်ကွက်ရှိ ရေမြောင်းများကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များနှင့် ခြင်ဆေးဖျန်းအဖွဲ့တို့က ခြင်ဆေးပက်ဖျန်းကြစဉ်။

(သတင်းစဉ်)

အင်အားပြင်းငလျင်လှုပ်

ရန်ကုန် ဇွန် ၂၁

ဇွန် ၂၁ ရက် မြန်မာစံတော်ချိန် ၁၉ နာရီ ၀၇ မိနစ် ၂၇ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၇၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (နီကိုဘားကျွန်းစု၊ အိန္ဒိယဒေသ) နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းထန်သည့် မြေငလျင် တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု သက်ဆိုင်ရာမှ သတင်းရရှိသည်။ (မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဇွန်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
၂၅-၆-၂၀၀၆ ရက်နေ့

၂၀၀၆ခုနှစ် ဇူလိုင်လအတွက်
၉-၇-၂၀၀၆ ရက်နေ့
နှင့်
၃၀-၇-၂၀၀၆ ရက်နေ့

ပိုက်များထုတ်လုပ်ရာတွင် အရည်အသွေးစံချိန်စံညွှန်း ကောင်းမွန်စွာထုတ်လုပ် လိုအပ်ချက်ပမာဏပြည့်မီအောင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဇွန် ၁၈ ရက် ညနေပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သုခလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ပိုက်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ညနေ ၃ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ပိုက်ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းက ကုန်ကြမ်းပစ္စည်းများ ရယူစုဆောင်းမှု၊ ပိုက်များထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်၊ စက်ရုံကို တိုးချဲ့ပြုပြင်မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကော်မတီဝင်(၃) ဦးကျော်စိုးက ဖူးကြီး ရေပေးရေးစီမံကိန်းအတွက် ရေပေးပို့ရန် ပိုက်များလိုအပ်မှု၊ ၁၆ လက်မ၊ ၂၄ လက်မနှင့် ၃၆ လက်မ ပိုက်များထုတ်လုပ်မှု၊ လက်မ ၆၀ နှင့် ၆၆ လက်မပိုက်များလိုအပ်မှုစသည်တို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လက်မ ၆၀ နှင့် ၆၆ လက်မ ပိုက်များ ထုတ်လုပ်ရန်အတွက် စက်ရုံတိုးချဲ့ပြုပြင်မှုနှင့် လက်မ ၆၀နှင့် ၆၆ လက်မ ပိုက်များ လိုအပ်ချက်ပြည့်မီရေးအတွက် နေ့စဉ် နှစ်ဆိုင်းခွဲပြီး ပိုက်များထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စက်ရုံအတွင်း ပိုက်များ၌ တပ်ဆင်ထားသည့် မိုလ်ပုံစံကို ဖြုတ်ထုတ်ခြင်း၊ ရေနွေးငွေ့ဖြင့် ပိုက်များကို ပေါင်းတင်ခြင်း၊ ပိုက်ကြမ်းပုံသွန်းခြင်း၊ ပိုက်ကို သံမဏိကြိုးဖြင့် ပတ်ခြင်း၊ ပိုက်ဆော့ကက်သခြင်း၊ စက်သစ်တည်ဆောက်ရန်အတွက် နေရာ၊ တည်ဆောက်မှုနှင့်ပိုက်အပေါ်သားဖို့ခြင်း လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ **(ဓါတ်ပုံ)** မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပိုက်များထုတ်လုပ်ရာတွင် အရည်အသွေးနှင့် စံချိန်စံညွှန်းကောင်းမွန်စွာထုတ်လုပ်ရေး ဆောင်ရွက်ရန်နှင့် လိုအပ်ချက်ပမာဏပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ ပိုက်ထုတ်လုပ်ရေး စက်ရုံမှ လက်မ ၆၀ နှင့် ၆၆ လက်မ ပိုက်များထုတ်လုပ်ခြင်းသည် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း ငမိုးရိပ် ရေသန့်စင်စက်ရုံမှ ရန်ကုန်မြို့တော်သို့ ဒုတိယအဆင့် ရေဂါလန် ၄၅ သန်း ထပ်မံပေးဝေရေး စီမံကိန်းအတွက် လိုအပ်သောပိုက်များ ထုတ်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှိုင်သာယာမြို့နယ်ရှိ မြန်မာ့တီထွင်သူများ သမဝါယမ အသင်းလီမိတက်၏ စပါးခွံဓာတ်ငွေ့သုံး အင်ဂျင်ထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒီဇယ်နှင့် စပါးခွံဓာတ်ငွေ့ရောစပ်မောင်းနှင်ခြင်းသည် ဒီဇယ်ဆီသီးသန့်စက်များထက် ဆီစားနှုန်းသက်သာ စမ်းသပ်မောင်းနှင်မှု အဆင့်ဆင့်လက်တွေ့ပြသ

ရန်ကုန် ဇွန် ၂၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၁၈ ရက်က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ မြန်မာ့တီထွင်သူများ သမဝါယမအသင်းလီမိတက်၏ စပါးခွံဓာတ်ငွေ့သုံးအင်ဂျင်ထုတ်လုပ်မှု စက်ရုံသို့ ရောက်ရှိရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးတင့်အောင်က ဒီဇယ်နှင့် စပါးခွံဓာတ်ငွေ့ ရောစပ်မောင်းနှင်ခြင်းသည် ဒီဇယ်ဆီသီးသန့်ဖြင့် မောင်းနှင်သော စက်များထက် ဆီစားနှုန်းသက်သာမှု ဖြစ်ပေါ်စေသော စက်များအဆင့်ဆင့် ဆောင်ရွက်မှုတို့ကို လိုက်လံရှင်းလင်းပြသပြီး မီးဖိုနှင့် တွဲဖက်အသုံးပြုသည့် Gas Line အသင့်တပ်ဆင်ပြီး အင်ဂျင်စက်များ၊ ဖောက်စက်နှင့် ဆန်ခါဌာန၊ Filter ဌာန၊ Towerနှင့် မြင်းကောင်ရေ ၇၀ မီးဖိုတပ်ဆင်နေမှုတို့ကို ကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးသည် မြင်းကောင်ရေ ၁၈၀ ရှိ အင်ဂျင်စက်ကို လည်းကောင်း၊ Gasထုထည်အား တွက်ချက် စမ်းသပ်ရန်အတွက် ဒီဇယ်ဖြင့် မောင်းနှင်ခြင်းထက် ဒီဇယ်နှင့် စပါးခွံသုံးဓာတ်ငွေ့ ရောစပ်မောင်းနှင်ခြင်းကြောင့် ဆီစားနှုန်းကျဆင်းမှုကို လက်တွေ့ပြသသည့် စမ်းသပ်မောင်းနှင်မှုအဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးတင့်အောင်က စမ်းသပ်မှု အဆင့်ဆင့်အရ ဒီဇယ် ကုန်ကျမှု ၂၀ ရာခိုင်နှုန်းခန့် လျှော့ချပြီး စပါးခွံဓာတ်ငွေ့အား ၈၀ ရာခိုင်နှုန်း အသုံးပြုနိုင်ရန် စမ်းသပ်မောင်းနှင်နိုင်မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်ရှိ ရန်ကုန်ထရန်စဖော်မာ ထုတ်လုပ်မှု စက်ရုံသို့ ရောက်ရှိရာ အုပ်ချုပ်မှု ဒါရိုက်တာ ဦးထွန်းလင်းသောင်းက စပါးခွံဓာတ်ငွေ့ထုတ်လုပ်မှုပမာဏကို ထိန်းချုပ်သည့်စနစ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် ထရန်စဖော်မာတွင် တပ်ဆင်အသုံးပြုသည့် သံမဏိပြားများဖြတ်သည့် စက်များကို လည်းကောင်း၊ ထရန်စဖော်မာကို ဂဟေဆော်ချိတ် စက်များဖြင့် ဂဟေဆော်မှုအဆင့်အဆင့်ကို လည်းကောင်း၊ Computer စက်များထိန်းသိမ်းရေးစက်များကို လည်းကောင်း၊ Core ဖြတ်စက်များကို လည်းကောင်း၊ Coil ဆင်မှုများနှင့် 10 MVA Coilပတ်ပုံများ အဆင့်ဆင့်ကို လည်းကောင်း ကြည့်ရှုကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၆-၂၀၀၆ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၅ ၆။ အရေးပြိုင်ပွဲ
၈း၁၅ ၇။ အကပဒေသာ
၈း၂၅ ၈။ တံငါတံတား
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇း၁၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇း၂၅ ၇။ တေးဂီတအစီအစဉ်
၁၇း၄၀ ၈။ **"အလှော်အစား"** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၇း၅၀ ၉။ မြန်မာမှုပန်းဆယ်မျိုး
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ မှုဟန်သွယ်သွယ် ဆိုကြမယ်
၁၈း၅၀ ၁၃။ ထူးချွန် မြန်မာအမျိုးသမီးများ (အပိုင်း-၂)
၁၉း၀၀ ၁၄။ ဖွံ့ဖြိုးတိုးတက်ဝေဆာ တောင်နီစံပြကျေးရွာ
၁၉း၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း-၁၉)
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှေ့နေ"**(အပိုင်း-၁၆) [ဇာတ်သိမ်းပိုင်း]

ပညာရာမမိုးကုတ်ရိပ်သာ ဝါတွင်းရက် ၁၀၀ တရားစခန်း

ရန်ကုန် ဇွန် ၂၁

သာကေတမြို့နယ် အမှတ်(၉) ရပ်ကွက် နဝရတ်လမ်း ပညာရာမ မိုးကုတ်ဝိပဿနာရိပ်သာ၌ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဝါတွင်း ရက် ၁၀၀ တရားစခန်းပွဲကို ဆရာတော် အရှင်ပညာနန္ဒ(ဓမ္မကထိက ဗဟုဇနဟိတဓရ)က ဖွင့်လှစ်ဟောကြားပြသမည်ဖြစ်သည်။

ယင်းစခန်းပွဲတွင် ဇွန် ၂၈ ရက်မှ ဇူလိုင် ၇ ရက်အထိ ၁၀ ရက် အထူးတရားစခန်းကို ဦးအောင်စိုး-ဒေါ်မြင့်မြင့်ကြည်၊ သား မောင်အောင်ဇော်ဝင်း၊ သမီး မမိုးမိုးအောင်၊ မြေး မောင်ရဲဝင်းအောင်၊ မောင်ကောင်းထက်အောင် မိသားစု တက္ကသိုလ်ရိပ်သာလမ်းက တစ်ဦးတည်း လှူဒါန်းမည်ဖြစ်ပြီး ဝါတွင်းစခန်းပွဲမှာ အောက်တိုဘာ ၆ ရက်(သီတင်းကျွတ်လပြည့်နေ့)အထိ ဆက်လက် ကျင်းပမည် ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဇွန်၂၇ ရက် ညနေအရောက် လာရောက်ကြရန်နှင့် ကျောင်းတိုက် ဖုန်း-၅၄၇၄၅၁ သို့ ဆက်သွယ် စာရင်းပေးနိုင်ပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

လပွတ္တာမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇွန် ၂၁

လပွတ္တာမြို့နယ်အသင်းက ကြီးမှူးကျင်းပမည့် နှစ်စဉ် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို အမှတ်၆၃ ဘုန်းကြီးလမ်း အသင်းတိုက်တွင် ဇူလိုင် ၉ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီမှ ၉နာရီအထိ ကျင်းပမည် ဖြစ်၍ လပွတ္တာမြို့ပေါ်ရှိ ကျောင်းအားလုံးအား ဆက်ကပ်ပွဲကို ဇူလိုင် ၂၃ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ မြို့နယ်သူမြို့နယ်သားများ၊ အသင်းသူ အသင်းသားများ မပျက်မကွက် ကြွရောက်ကြရန်နှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းလိုသူများ အသင်းရုံး ဖုန်း-၂၂၂၀၈၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဇွန် ၁၂ ရက်က အထက (၃) တာမွေတွင် ကျောင်းကောင်စီ ကတိသစ္စာခံယူပွဲ အခမ်းအနား ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်က အသင်းတာဝန်ခံ ဆရာမဒေါ်မာမာစိန်အား အသင်းအလံကို ပေးအပ်စဉ်။ (က-ပ)

ကျားကွက်အကျီနှင့်ခရိုအေးရှား သရေကျရုံမျှဖြင့် မလုံလောက်ပါ

ရန်ကုန် ဇွန် ၂၁

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု နောက်ဆုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက်ရှိရာ အုပ်စု(က)မှ အိမ်ရှင်ဂျာမနီနှင့် အီကွေဒေါ၊ အုပ်စု(ခ)မှ အင်္ဂလန်နှင့် ဆွီဒင်တို့ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားကြပြီ ဖြစ်သည်။ ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အုပ်စုနောက်ဆုံးပွဲစဉ်များအဖြစ် အုပ်စု(င)မှ ချက်နှင့် အီတလီ၊ ဂါနာနှင့် အမေရိကန်၊ အုပ်စု(စ)မှ ဂျပန်နှင့် ဘာရာဇီး၊ ခရိုအေးရှားနှင့် ဩစတြေးလျတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ချက်နှင့် အီတလီ ကြိုးတန်းပေါ်လမ်းလျှောက်ကြရပါဦးမည်
ဘာရာဇီးက အာရှသား ဂျပန်ကို ဂိုးမည်မျှသွင်းနိုင်မည်နည်း

ချက်နှင့်အီတလီ

ဇွန် ၂၂ ရက် **(ယနေ့)** မြန်မာ စံတော်ချိန် ည ၈ နာရီခွဲတွင် ဟမ်းဘတ်မြို့ရှိ AOL. Arena အားကစားကွင်း၌ အုပ်စု(င)မှ ချက်အသင်းနှင့် အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အုပ်စုတက်ရေး ရင်မအေးရသည့် ချက်အသင်းနှင့်အီတလီအသင်းတို့၏ပွဲစဉ်မှာ ရေကုန်ရေခန်း ယှဉ်ပြိုင်ရမည့် ပွဲကြီးပွဲကောင်းတစ်ပွဲ ဖြစ်သည်။

အီတလီအသင်းသည် ပွဲဦးထွက်၌ ဂါနာအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ အုပ်စုတက်ရန် အခြေအနေကောင်းပြီဟု ယူဆခဲ့ကြသည်။ သို့သော် ဒုတိယပွဲစဉ်၌ အမေရိကန်အသင်းနှင့် တစ်ဂိုးစီသရေပွဲဖြစ်သွားသောအခါ အီတလီတို့ အိမ်ပြန်စောတော့မှာလား မေးစရာဖြစ်လာသည်။ အီတလီအသင်းအနေဖြင့် တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ဆိုသော ရလဒ်မှာ မဆိုးလှပေ။ ချက်အသင်းကို ဂါနာအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားခြင်းကြောင့်သာ အခြေအနေ ရှုပ်ထွေးကုန်ခြင်းဖြစ်သည်။ ချက်အသင်းက အမေရိကန်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိထားရာ အီတလီကို အနိုင်ကစားလျှင် အုပ်စုပထမရရှိသွားမည်ဖြစ်သည်။

အားကုန်ထုတ်သုံး

အီတလီအသင်းနှင့် အမေရိကန်အသင်းတို့ တစ်ဂိုးစီသရေကျသွားသော ပွဲအပြီးတွင် အီတလီနည်းပြ မာဆယ်လိုလစ်ပီအပေါ် ဖိအားများ ကျရောက်လာသည်။ စပိန်သတင်းစာများကလည်း အီတလီအသင်း အခြေမလှခဲ့လျှင် နည်းပြ မာဆယ်လိုလစ်ပီသည် စပိန်ကလပ် ရီးရဲမက်ဒရစ်သို့ ရောက်လာဖွယ်ရှိသည်ဟု ထင်ကြေးပေး ရေးသားနေကြသည်။ အီတလီအသင်းသည် ဂါနာအသင်းနှင့်ပွဲတွင် ခြေစွမ်းပြ ကစားနိုင်ခဲ့သော်လည်း အမေရိကန်နှင့်ပွဲတွင် ကစားပုံ အားရစရာမရှိခဲ့ပါ။ အီတလီနည်းပြ လစ်ပီက အမေရိကန်နှင့် တစ်ဂိုးစီသရေကျခဲ့ရခြင်းမှာ ဂါနာနှင့်ပွဲ၌ ပွဲပန်းခဲ့၍ ဖြစ်ကြောင်း၊ ဂါနာနှင့်ပွဲ၌ ကစားသမားများ အားကုန်ထုတ်သုံးခဲ့သဖြင့် အမေရိကန်နှင့်ပွဲ၌ မျှော်လင့်သလို ရလဒ်ကောင်း မရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

အီတလီအသင်းသည်အုပ်စုဒုတိယသာရပါက ရှုံးထွက်အဆင့်၌ ဘာရာဇီးအသင်းနှင့် ဆုံတွေ့မည်ဖြစ်သည်။ သို့သော်လည်း အီတလီအသင်း၏ အနေအထားများ ပုစ္ဆာနေနေသော လက်အရနုတ်ရမည်ဖြစ်သည်။

ချက်အသင်း

ချက်အသင်းသည် ပွဲဦးထွက်၌ အမေရိကန်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ရာ တာထွက်ကောင်းခဲ့သည်။ ချက်အသင်း အုပ်စုတက်ရန် သေချာပြီဟုယူဆပြီး ပရိသတ်များကြားတွင် ချက်မှ ချက် ဖြစ်ခဲ့ကြသည်။ သို့သော်လည်း အာဖရိကတိုက်မှ မျက်နှာသစ်ဂါနာကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်သွားသောအခါ အုပ်စုတက်ရန် မရေရာဖြစ်သွားသည်။ ဂါနာနှင့်ပွဲတွင် ဒဏ်ရာရထားကြသော တိုက်စစ်မှူး ဂျန်ခိုလာနှင့် မီလန်ဘာရိုဇ်တို့ မပါဝင်မှုကြောင့် တိုက်စစ်အားနည်းခဲ့ခြင်း ဖြစ်သည်။

ချက်အသင်း၏ တိုက်စစ်အားနည်းမှုအခက်အခဲမှာ အီတလီနှင့်ကစားချိန်အထိ ပြေလည်မည့်အနေအထားမရှိသေးချေ။ တိုက်စစ်မှူး မီလန်ဘာရိုဇ် ကြံ့ခိုင်မှုအပြည့်အဝ မရသေးသော်လည်း အီတလီနှင့်ပွဲတွင် ပါဝင်ကစားရန် ဆန္ဒရှိနေသည်။ တိုက်စစ်မှူး ဂျန်ခိုလာကလည်း အမေရိကန်နှင့်ပွဲတွင် ပေါင်ကြွက်သားဒဏ်ရာရရှိထားသဖြင့် ပါဝင်ရန် မသေချာသေးပေ။ အရန်တိုက်စစ်မှူး လော့ဗန့်စ်ကလည်း ဂါနာနှင့်ပွဲ၌ အဝါကတ်ထိသောကြောင့် အီတလီနှင့်ပွဲ လွဲရပြီဖြစ်သည်။ အီတလီအသင်းမှ အလယ်တန်းလူ ဆိုင်မွန်ပါရော့တာသည် ခြေထောက် ဒဏ်ရာရရှိထားသဖြင့် ချက်နှင့်ပွဲတွင် ပါဝင်ကစားရန် မဖြစ်နိုင်ကြောင်း အသင်းဆရာဝန်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဘာရာဇီးအသင်းနှင့် ဩစတြေးလျအသင်းပွဲစဉ်တွင် ဘာရာဇီးအသင်း တိုက်စစ်မှူး ရော်နယ်ဒို၏ ထိုးဖောက်မှုနှင့် ဩစတြေးလျအသင်း နောက်တန်းလူ ခရိတ်မိုး(၃)၏ ဖျက်ထုတ်မှုကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ–အင်တာနက်)

အီတလီအသင်း

အီတလီအသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၁၃)၊ ချက်အသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၂)ဖြစ်သည်။ ချက်နှင့် အီတလီတို့ ၂၉ ကြိမ် ဆုံတွေ့ခဲ့ကြရာ ချက်က ၁၀ ပွဲနိုင်၊ အီတလီက ကိုးပွဲနိုင်ပြီး ၁၀ ပွဲသရေကျခဲ့သည်။ အီတလီအသင်းက သရေကျလျှင် အုပ်စုတက်ရန်သေချာပြီး ချက်အသင်း မသေချာ၍ ဖောင်ဖျက်ကစားရုံသာ ရှိသည်။ အီတလီနည်းပြ လစ်ပီက အီတလီအသင်း အခက်အခဲမရှိ နောက်တစ်ဆင့် တက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ချက်နှင့် အီတလီတို့မှာ ခြေစွမ်းအားဖြင့် မတိမ်းမယိမ်းရှိပြီး အားသာချက်၊ အားနည်းချက် ကိုယ်စီရှိကြသည်။ ယခုပွဲမှာ နှစ်သင်းစလုံးအတွက် အမှားမခံသောပွဲဖြစ်ရာ ကြိုးတန်းပေါ် လမ်းလျှောက်သည့်အလား အသည်းတယားယား ရင်တဖိုဖိုကြည့်ရမည်ဖြစ်သည်။ ဥရောပ၏ ခံစစ်ဘုရင်အီတလီအသင်း အနည်းဆုံး သရေကျအောင် ကစားမည်ဖြစ်သည်။ အနိုင် အရှုံးရလဒ် ပေါ်ထွက်ခဲ့လျှင် အီတလီအနိုင်ပဲဟု ထင်မိသည်။

ဂါနာနှင့် အမေရိကန်

ဇွန် ၂၂ ရက် **(ယနေ့)** မြန်မာ စံတော်ချိန် ည ၈ နာရီခွဲတွင် နူရင်ဘတ်မြို့ရှိ Franken Stadion အားကစားကွင်း၌ အုပ်စု(င)မှ ဂါနာအသင်းနှင့် အမေရိကန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ မျှော်လင့်ချက်ရှင်သန်နေသော ဂါနာအသင်းနှင့် အမေရိကန်အသင်းတို့၏ ပွဲစဉ်မှာ မည်သူက ပါဝါသာသည်ကို စောင့်ကြည့်ရမည့်ပွဲဖြစ်သည်။ နှစ်သင်းစလုံး အသင်းလိုက် ကစားအားတင်ပြီး ခပ်ကြမ်းကြမ်း ကစားတတ်ကြ၍ ကွင်းလယ်ဒိုင်လူကြီး ပင်ပန်းမည့် ပွဲကောင်းတစ်ပွဲပင် ဖြစ်သည်။

ပွဲဦးထွက်၌ အီတလီအသင်းကို နှစ်ဂိုးပြတ် ရှုံးနိမ့်သွားသော ဂါနာအသင်းကို အချိန်တန်လျှင် အိမ်ပြန်မှာပဲဟု ထင်မှတ်ခဲ့ကြသည်။ ဒုတိယပွဲ၌ ချက်အသင်းကို နှစ်ဂိုးပြတ်အနိုင်ယူပြလိုက်သောအခါ ဂါနာခြေစွမ်းကို အားလုံးဖျားသွားရသည်။ ချက်နှင့်ပွဲတွင် ဂါနာ ကစားကွက်ကောင်းလွန်းသဖြင့် ဟုတ်မှဟုတ်ရဲ့လားဟု မျက်စိကို ပွတ်ကြည့်ခဲ့ရသည်။ အာဖရိကတိုက်မှ ပထမဆုံးအကြိမ် ခြေစစ်ပွဲ အောင်မြင်လာသော ဂါနာအသင်း၏ ခြေစွမ်းမှာ တစ်ချိန်က အာဖရိကလင်းယုန်များဟု တင်စားရသည့် နိုင်ဂျီးရီးယား ခြေစွမ်းကဲ့သို့ အံ့မခန်းထူးရှယ်ဖြစ်နေသည်။ အီတလီက ချက်ကို အနိုင်ကစားလျှင် ဂါနာအသင်းသရေကျရုံဖြင့် အုပ်စုတက်မည် ဖြစ်သည်။ ဂါနာနည်းပြ ဂျူကိုဗစ်က ချက်အသင်းနှင့် ကစားသည့်ပွဲတွင် ငါးဂိုး–ဂိုးမရှိဖြင့်ပင် အနိုင်ရသင့်ကြောင်း ဝင့်ကြွားနေသည်။ ဂါနာနည်းပြဂျူကိုဗစ်သည် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား ၁၉၉၆ခုနှစ်တွင် လာရောက် နည်းပြပေးခဲ့ဖူးသူ ဖြစ်သည်။

ဂါနာအသင်းကို အာဖရိကတိုက်၏ ဘာရာဇီးဟုတင်စားခဲ့ကြရာ အမှန်တကယ် ထိုက်တန်ပေသည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ဂါနာအသင်းကို တိုးတက်မှုအရှိဆုံး အသင်းအဖြစ် သတ်မှတ်ခဲ့သည်။ ဂါနာအသင်းမှ အဆာမိုနှင့် မြူတာရီတို့ ပွဲပယ်ခံထားရသဖြင့် ယခုပွဲ ပါဝင်နိုင်မည်မဟုတ်ပေ။ အမေရိကန်အသင်းမှ ဂစ်ဘ်၊ ဟက်ဇ်ဒက်နှင့် ဘရီယန်ချင်းတို့ဒဏ်ရာရထားကြပြီး မက်စတိုနီနှင့် အက်ဒီပုတ်တို့ အနီကတ်ကြောင့် ပွဲပယ်ခံထားရသည်။ ဂါနာအသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၄၈)၊ အမေရိကန်အသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၅) ဖြစ်သည်။ ဂါနာနှင့် အမေရိကန်တို့ ယခင်က ဆုံတွေ့ခဲ့ဖူးခြင်း မရှိပေ။ အမေရိကန်အသင်း၌ ဒဏ်ရာရ၊ ပွဲပယ်ခံရသူ များနေသော်လည်း အလယ်တန်းလူ လန်ဒန်ဒိုနိုဗန် ဒဏ်ရာပျောက်ကင်းပြီး ပါဝင်နိုင်မည်ဖြစ်သည်။ အမေရိကန်အသင်း သရေတစ်မှတ်သာရထား၍ ယခုပွဲ ဂိုးပြတ်နိုင်မှ မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ သရေပွဲဖြစ်နိုင်ပြီး နိုင်ချင်းနိုင်လျှင် ဂါနာပင်ဖြစ်မည်။

ဂျပန်နှင့် ဘာရာဇီး

ဇွန် ၂၃ ရက် **(မနက်ဖြန်)** မြန်မာ စံတော်ချိန် နံနက် ၁ နာရီခွဲတွင် ဒေါ့မွန်မြို့ရှိ Signal Iduna Park အားကစားကွင်း၌ အုပ်စု(စ)မှ ဂျပန်အသင်းနှင့် ဘာရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဘာရာဇီးလူမျိုး နည်းပြ တာဝန်ယူနေသော ဂျပန်အသင်းနှင့် ဘာရာဇီးအသင်းတို့၏ ပွဲစဉ်မှာ ဆာမူရိုင်းသိုင်းကွက်နှင့် ဆမ်ဘာအက ဝိရောဓိရသကို ပေးစွမ်းနိုင်မည့် ပွဲကောင်းတစ်ပွဲဖြစ်သည်။

ဂျပန်အသင်း အုပ်စုမှထွက်သွားရပြီဟု ရေးခွင့်မရသေးသည်မှ လွဲ၍ အုပ်စုတက်ရန် ဖြစ်နိုင်ချေနည်းလှသည်။ ဩစတြေးလျအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့်ရှုံးပြီး ခရိုအေးရှားနှင့် ဂိုးမရှိသရေကျခဲ့ရာ ဂျပန်အသင်း တစ်မှတ်ပဲ ရသေးသည်။ ဂျပန်အသင်း၏ လက်ကျန်ပွဲစဉ်မှာ ဆရာကြီး ဘာရာဇီးနှင့်ဖြစ်၍ အိပ်ရာလိပ်ပြင်ထားရမည် ဖြစ်သည်။ ခရိုအေးရှားနှင့်ပွဲတွင် ဂျပန်အသင်း ပယ်နယ်တီပြစ်ဒဏ်ဘောပေးခဲ့ရသော်လည်း ဂိုးသမား ကာဝါဂူချီ ကာကွယ်နိုင်ခဲ့သည်။ ဂျပန်အသင်းနည်းပြ ဘာရာဇီးလူမျိုး ဇစ်ကိုက ပယ်နယ်တီကာကွယ်ခဲ့သော ဂိုးသမား ကာဝါဂူချီကို ချီးကျူးစကား ပြောကြားခဲ့သည်။ ဂျပန်အသင်းမှ တာနာကာ ဒဏ်ရာရနေပြီး မီယာမိုတို ပွဲပယ်ခံထားရသည်။

ဘာရာဇီး

ဘာရာဇီးအသင်းသည် ခရိုအေးရှားကို တစ်ဂိုး–ဂိုးမရှိ၊ ဩစတြေးလျကို နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး ခြောက်မှတ်ဖြင့် အုပ်စုတက်ရန် သေချာနေပြီဖြစ်သည်။ ဘာရာဇီးဘောလုံးသမားများ ဂျပန်နှင့်ပွဲအတွက် ပူပင်ကြောင့်ကြစရာမရှိဘဲ ဒေါ့မွန်မြို့ထဲ ဈေးဝယ်ထွက်ရင်း လည်ပတ်နေရုံသာရှိသည်။ ဘာရာဇီးအသင်းသည် နှစ်ပွဲပေါင်း သုံးဂိုးသွင်းနိုင်ခဲ့ပြီး ပေးဂိုးမရှိသေးချေ။ ဘာရာဇီးအသင်းအတွက် ကာကာ၊ အက်ဒရီယာနိုနှင့် ဖရက်ဒ်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့သည်။ ကာကာနှင့် ဇီရော်ဘတ်တိုတို့ ပွဲစဉ်အလိုက် အကောင်းဆုံးဆု ရထားကြသည်။ တိုက်စစ်မှူး ရော်နယ်ဒို နှစ်ပွဲစလုံး လူစားလဲခံခဲ့ရပြီး ဂိုးသွင်းနိုင်ခြင်းမရှိ၍ ဝေဖန်ခံနေရသည်။ ဩစတြေးလျနှင့်ပွဲတွင် ရော်နယ်ဒိုကို လူစားလဲခဲ့ရာ ဘာရာဇီးနည်းပြ ပါရဲရားနှင့် ရော်နယ်ဒို ဆက်ဆံရေး အဆင်မပြေ ဖြစ်နေကြောင်း သတင်းများပေါ်ထွက်နေသည်။ ရော်နယ်ဒိုက လူစားလဲခံရခြင်းအပေါ် မကျေမနပ်ဖြစ်နေပြီး ပွဲအပြီး၌ ဘာရာဇီးဘောလုံးသမားများ အောင်ပွဲခံသည့်အခါ ရော်နယ်ဒို ဝင်ရောက်အောင်ပွဲခံခြင်းမရှိကြောင်း တွေ့ရသည်။

ဘာရာဇီးအသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၁)၊ ဂျပန်အသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၁၈)ဖြစ်သည်။ ဘာရာဇီးနှင့် ဂျပန်တို့ ယခင်က ခုနစ်ကြိမ် ဆုံတွေ့ခဲ့ဖူးရာ ဘာရာဇီးက ငါးပွဲနိုင်ပြီး နှစ်ပွဲသရေကျခဲ့သည်။ ဂျပန်အသင်း နည်းပြ ဇစ်ကိုက ဘာရာဇီးအသင်းအကြောင်း နောကျေအောင် သိထားသော်လည်း ယခုပွဲမှာ နည်းဗျူဟာက အဓိကမကျဘဲ ကစားသမားများ၏ တစ်ဦးချင်း စွမ်းဆောင်ရည်ကသာ စကားပြောသွားလိမ့်မည် ဖြစ်သည်။ ဂျပန်အသင်း အလွန်ဆုံးမျှော်လင့်နိုင်သည်မှာ သရေပင်ဖြစ်သည်။ ဂိုးမပြတ်သည့်တိုင် ဘာရာဇီးအနိုင်ရမှာမူ သေချာပါသည်။

ခရိုအေးရှားနှင့် ဩစတြေးလျ

ဇွန် ၂၃ ရက် **(မနက်ဖြန်)** မြန်မာ စံတော်ချိန် နံနက် ၁ နာရီခွဲတွင် စတုဂက်မြို့ရှိ Gottlieb-Daimler-Stadion အားကစားကွင်း၌ အုပ်စု(စ)မှ ခရိုအေးရှားအသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ဥရောပမှ ခရိုအေးရှားအသင်းနှင့် သမုဒ္ဒရာပိုင်းဒေသမှ ဩစတြေးလျအသင်းတို့၏ ပွဲစဉ်မှာ ကစားဟန်မတူညီသော နှစ်သင်းဆုံတွေ့ခြင်းဖြစ်ရာ နည်းဗျူဟာ၊ နည်းစနစ် အားသန်မှုများ စိတ်ဝင်တစားကြည့်ရမည့်ပွဲ ဖြစ်သည်။

ခရိုအေးရှားအသင်းသည် တစ်ပွဲရှုံး၊ တစ်ပွဲသရေ တစ်မှတ်သာရရှိထားသဖြင့် ယခုပွဲအနိုင်ရမှသာ အုပ်စုတက်မည်ဖြစ်သည်။ ခရိုအေးရှား ပရိသတ်များအနေဖြင့် ဂျပန်နှင့်ပွဲ သရေကျခဲ့၍ မချင့်မရဲဖြစ်ခဲ့ကြပြီး သရေဆိုသော ရလဒ်ကို ထပ်ကြားချင်ကြလိမ့်မည်မဟုတ်ပေ။ ဂျပန်နှင့်ပွဲတွင် ပယ်နယ်တီကန်ခွင့်ရသော်လည်း ဆာနာ ကန်သွင်းရာ ဂျပန်ဂိုးသမား ကာကွယ်နိုင်၍ သေချာပေါက်တစ်ဂိုး နစ်နာခဲ့ရသည်။ ခရိုအေးရှား တိုက်စစ်မှူး ပါဆိုနှင့် ကလာစနစ်တို့ ဂိုးသွင်းမသေချာမှုကြောင့်လည်း သုံးမှတ်အပြည့်မရခဲ့ခြင်း ဖြစ်သည်။ ခရိုအေးရှားအသင်းမှ ရောဘတ်ကိုဗက် ပွဲပယ်ခံထားရသဖြင့် ယခုပွဲ ပါဝင်နိုင်မည်မဟုတ်ပေ။

ဩစတြေးလျအသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထား၍ ယခုပွဲအနိုင်ရလျှင် အုပ်စုတက်ရန် အလားအလာ ကောင်းနေသည်။ ဩစတြေးလျအသင်း နည်းပြ ဟစ်ဒင့်က ခရိုအေးရှားနှင့်ပွဲကို အဓိကထား ပြင်ဆင်ထားသည်။

ခရိုအေးရှားအသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၂၃)၊ ဩစတြေးလျအသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၄၂) ဖြစ်သည်။ ခရိုအေးရှားနှင့် ဩစတြေးလျတို့ ယခင်က လေးကြိမ် ဆုံတွေ့ခဲ့ရာ ဩစတြေးလျက နှစ်ပွဲနိုင်၊ ခရိုအေးရှားက တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။ ဩစတြေးလျအသင်းက ရှေ့၊ လယ်၊ နောက်ညီညွတ်ပြီး ကစားအားကောင်းသည်။ ခရိုအေးရှားအသင်းက ကစားပုံလေးပြီး တစ်ဦးကောင်း တစ်ယောက်ကောင်း ကစားလေ့ရှိသည်။ ခရိုအေးရှားတိုက်စစ်မှူးများ ဂိုးပေါက် ပျောက်နေသည်။ သမုဒ္ဒရာပိုင်းဒေသမှ ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်လာသော ဩစတြေးလျအသင်း ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်နိုင်မည် ထင်ကြောင်း ပွဲကြိုအဖြစ် သုံးသပ်တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အုပ်စု(င)ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
အီတလီ	၂	၁	၁	–	၃	၁	၄
ချက်	၂	၁	–	၁	၃	၂	၃
ဂါနာ	၂	၁	–	၁	၂	၂	၃
အမေရိကန်	၂	–	၁	၁	၁	၄	၁

အုပ်စု(စ)ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
ဘာရာဇီး	၂	၂	–	–	၃	–	၆
ဩစတြေးလျ	၂	၁	–	၁	၃	၃	၃
ခရိုအေးရှား	၂	–	၁	၁	–	၁	၁
ဂျပန်	၂	–	၁	၁	၁	၃	၁

သုံးသပ်ရေးသားသူ – ကိုဇော်

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား **၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား** **၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား** **၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား** **၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား** **၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား**

ကမ္ဘာ့ဖလား သတင်းဂယက်

ကမ္ဘာ့ဖလားအုပ်စု(က)နှင့်(ခ)ပွဲစဉ်များ ယှဉ်ပြိုင်မှုပြီးစီး အင်္ဂလန်–အီကွေဒေါ၊ ဂျာမနီ–ဆွီဒင် တွေ့ကြပြီ

တင်ပြသူ
မြင့်မောင်စိုး



ဘာလင် ဇွန် ၂၁

ကမ္ဘာ့ဖလားအုပ်စု နောက်ဆုံးပွဲစဉ်များအဖြစ် ဇွန် ၂၀ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြပြီး (က)အုပ်စုမှ အိမ်ရှင် ဂျာမနီအသင်းနှင့် အီကွေဒေါအသင်းတို့ နောက်ဆုံး ၁၆ သင်း ရှုံးထွက်ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အလားတူအုပ်စု(ခ)မှ အင်္ဂလန်အသင်းနှင့် ဆွီဒင်အသင်းတို့သည်လည်း နောက်ဆုံး ၁၆ သင်း အုပ်စုပြိုင်ပွဲသို့ တက်ရောက်လာသည်။

အုပ်စုဗိုလ်

ထိုနေ့ညက ဂျာမနီအသင်းက အီကွေဒေါအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး အုပ်စုဗိုလ်ဖြင့် တက်ရောက်နိုင်ခဲ့သည်။ အီကွေဒေါအသင်းသည် နှစ်ပွဲနိုင်–တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယဖြင့် နောက်ဆုံး ၁၆ သင်း အုပ်စုပြိုင်ပွဲသို့ ရောက်ရှိလာခြင်းဖြစ်သည်။

အနိုင်ရ

နံနက်တစ်နာရီခွဲပွဲအဖြစ် ဆွီဒင်နှင့် အင်္ဂလန်ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်သွားခဲ့သည်။ ထို့အတူ ပါရာဂွေးနှင့် ထရီနီဒက်အသင်းတို့ ယှဉ်ပြိုင်ရာတွင် ပါရာဂွေးအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထရီနီဒက် တိုက်စစ်မှူး ကော်နယ်ဂလင်း ပါရာဂွေးနောက်တန်းကို ထိုးဖောက်လျက် ဂိုးသွင်းရန် ကြိုးစားခဲ့စဉ်။
(ဓာတ်ပုံ–အင်တာနက်)

ယှဉ်ပြိုင်

ဆွီဒင်အသင်းကို သရေကစားခဲ့သောအင်္ဂလန်အသင်းသည် အုပ်စု(ခ)၌ ဗိုလ်ရပြီး နောက်ဆုံး ၁၆ သင်းအုပ်စုပြိုင်ပွဲတွင် အီကွေဒေါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အင်္ဂလန်အသင်းအတွက် ဗွေဆော်ဦးဂိုးကို ဂျိုကိုးလ်က ပွဲချိန် ၃၄ မိနစ်တွင် ၃၅ ကိုက်အကွာမှ သွင်းယူခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဆွီဒင်အသင်းမှအောလဘက်က ညာတောင်ပံမှ တင်ပို့လိုက်သော ဘောလုံးကို ခေါင်းတိုက်ဂိုးသွင်းယူပြီး ချေပလိုက်သည်။

ပွဲချိန် ၈၅မိနစ်တွင် ဂျိုကိုးလ် ခုတ်တင်ပေးလိုက်သော ဘောလုံးကို စတီဗင်ဂျရတ်က ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် လာဆင်က ဆွီဒင်အသင်းအတွက် လေလွင့်ချိန်တွင် ချေပဂိုးသွင်းယူခဲ့သည်။

ဒဏ်ရာရ

ယင်းပြိုင်ပွဲတွင် အင်္ဂလန်တိုက်စစ်မှူး မိုက်ကယ်အိုဝင် ဒဏ်ရာရပြီး ထမ်းစင်ဖြင့် ထွက်သွားရသည်။

အင်္ဂလန်အသင်းသည် ဇွန်၂၅ရက် မြန်မာစံတော်ချိန် ည ၉နာရီမိနစ် ၃၀ တွင် စတုဂတ်မြို့၌ အီကွေဒေါအသင်းနှင့် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ အုပ်စု (က)မှ ဂျာမနီအသင်းသည် ဇွန် ၂၄ ရက် မြန်မာစံတော်ချိန် ည ၉နာရီ မိနစ် ၃၀တွင် ဆွီဒင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အစားထိုး

အင်္ဂလန်နည်းပြ အဲရစ်ဆင်က အီကွေဒေါနှင့် ယှဉ်ပြိုင်မည့် ပွဲတွင် အကောင်းဆုံးယှဉ်ပြိုင်နိုင်ရန် စီစဉ်လျက်ရှိသည်။ သို့ရာတွင် မိုက်ကယ်အိုဝင်ဒဏ်ရာရထားသည်။ မိုက်ကယ်အိုဝင်အစား ပီတာခရော့ချ်ကို အစားထိုးလဲကစားခဲ့သည်။

မျှော်လင့်

အင်္ဂလန်အသင်းသည် ဂျိုကိုးလ်နှင့်ရွန်နေအတွဲကြောင့် ပို၍ကောင်းလာပြီး လမ်းပတ်နှင့်ရွန်နေ အတွဲကြောင့်လည်း အင်္ဂလန်အသင်း နောက်ဆုံး ၁၆ သင်းအုပ်စုမှ ကျော်ဖြတ်နိုင်ရန် မျှော်လင့်ထားသည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုကို ဂျိုကိုးလ်က ဆွတ်ခူးနိုင်ခဲ့သည်။ ဆွီဒင်အသင်းမှ အောဘက်သည် ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက် ၂၀၀၀ပြည့်သည့် ဂိုးကို သွင်းယူခဲ့သည်။ မိုက်ကယ်အိုဝင်သည် ပွဲစပြီး လေးမိနစ်အတွင်းမှာ ဒဏ်ရာကြောင့် ထွက်သွားခဲ့ရသဖြင့် ကမ္ဘာ့ဖလားတွင် အမြန်ဆုံး လူစားထိုးမှု ဖြစ်လာသည်။ အင်္ဂလန်အသင်းသည် ၁၉၆၈ခုနှစ် မေ ၂၂ရက် နောက်ပိုင်း ဆွီဒင်အသင်းအပေါ် အနိုင်ကစားနိုင်ခြင်း မရှိသေးပေ။

ကိုယ့်ဂိုးကိုယ်သွင်း

အင်္ဂလန်အသင်းနှင့်ဆွီဒင်အသင်းတို့ ကစားနေချိန်တွင် အခြားကွင်း၌ တစ်ချိန်တည်း ပါရာဂွေးအသင်းနှင့် ထရီနီဒက်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ပါရာဂွေးက နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ခဲ့သည်။ ပါရာဂွေးအသင်းအတွက် ဗွေဆော်ဦးဂိုးကို ပွဲချိန် ၂၅ မိနစ်တွင် ထရီနီဒက်နောက်တန်းလူ ဆန်ချိုက ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိပြီး ရရှိခဲ့ခြင်းဖြစ်သည်။ ဒုတိယမြောက်ဂိုးကို ကူးဗက်စ်က ပွဲချိန် ၈၆ မိနစ်၌ သွင်းယူခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ယင်းတို့ နှစ်သင်းစလုံးသည် ပြိုင်ပွဲမှ ထွက်သွားရပြီဖြစ်သည်။ ။



ဆွီဒင် ကွင်းလယ် ကစားသမားယွန်းဘတ်၏ ထိုးဖောက်ကစားဟန်။
(ဓာတ်ပုံ–အင်တာနက်)

အုပ်စု(က)၏ ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဂျာမနီ	၃	၃	–	–	၈	၂	၉
အီကွေဒေါ	၃	၂	–	၁	၅	၃	၆
ပိုလန်	၃	၁	–	၂	၂	၄	၃
ကော့စတာရီကာ	၃	–	–	၃	၃	၉	၀

အုပ်စု(ခ)၏ ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
အင်္ဂလန်	၃	၂	၁	–	၅	၂	၇
ဆွီဒင်	၃	၁	၂	–	၃	၂	၅
ပါရာဂွေး	၃	၁	–	၂	၂	၄	၃
ထရီနီဒက်	၃	–	၁	၂	–	၄	၁

(အင်တာနက်)

ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးထူးခြားဖြစ်စဉ်များ

စုစည်းတင်ဆက်သူ
မောင်မောင်မြင့်ဆွေ

ဘာလင် ဇွန် ၂၁

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိရာ ဇွန် ၂၂ရက် (ယနေ့) **ကစားမည့်ဘောလုံးပွဲစဉ်များနှင့် ပတ်သက်သည့် နောက်ဆုံးထူးခြားဖြစ်စဉ်များကို စုစည်းဖော်ပြလိုက်ပါသည်။**

အင်္ဂလန်တိုက်စစ်မှူး မိုက်ကယ်အိုဝင် ညာဘက်ဒူးဒဏ်ရာရပြန်။

ချက်အသင်းတိုက်စစ်မှူး ဘားရို့စ် ဒဏ်ရာသက်သာ၍ ပါဝင်ကစားဖွယ်

ချက်အသင်းတိုက်စစ်မှူး မီလန်ဘားရို့စ်သည် ခြေထောက်ဒဏ်ရာရရှိနေပြီး ပြိုင်ပွဲများ၌ ပါဝင်မကစားနိုင်ဘဲရှိရာ ယခုအခါ ဒဏ်ရာသက်သာပြီး ကစားဖော်များနှင့်အတူ လေ့ကျင့်ရေးများ ပြန်လည်ပြုလုပ်နေပြီဖြစ်သည်။

မီလန်ဘားရို့စ်သည် အီတလီနှင့် ကစားမည့် ယနေ့ပွဲတွင် ပါဝင်ကစားဖွယ်ရှိရာ ချက်အသင်းနည်းပြ ကာရယ်လ်ဗရတ်နာက ဘားရို့စ်အား ယနေ့ပွဲ၌ အချိန်ပိုင်းထည့်သွင်းကစားသွားရန် စီစဉ်ထားကြောင်း ပြောကြားလိုက်သည်။ ချက်အသင်းတွင် တိုမက်နှင့် လိုဗက်တိုလည်း ဒဏ်ရာအနည်းငယ် ရရှိထားကြသည်။

အီတလီကွင်းလယ်ကစားသမား ရော့စီ ယနေ့ပွဲနှင့်လွဲပြီ

ဇွန် ၂၂ရက် **(ယနေ့)** ကစားရမည့် ချက်အသင်းနှင့်ပွဲတွင် အီတလီကွင်းလယ်ကစားသမား ရော့စီ ပွဲပယ်ပြစ်ဒဏ်ခံရသဖြင့် ယနေ့ပွဲနှင့်လွဲရပြီဖြစ်သည်။ ဇွန် ၁၇ရက်က အမေရိကန်အသင်းနှင့်ကစားခဲ့သောပွဲ၌ အနီကတ်ထိခဲ့သဖြင့် ရော့စီအနေဖြင့် ချက်နှင့်ကစားရမည့်ပွဲ၌ ထည့်သွင်းကစားနိုင်တော့မည်မဟုတ်ကြောင်း အီတလီနည်းပြ မာဆယ်လိုလစ်ပီက ပြောကြားလိုက်သည်။

ထို့အပြင် အီတလီကွင်းလယ်ကစားသမား ပါရော့တာလည်း အမေရိကန်နှင့် ကစားခဲ့သောပွဲ၌ ၎င်း၏ ဝဲဘက်ခြေထောက် ဒဏ်ရာရရှိထားကြောင်း သိရသည်။

အမေရိကန်ကို ပုံစံသစ်ဖြင့်ကစားမည်ဟု ဂါနာနည်းပြ ပြောကြား

ယနေ့ကစားမည့် အမေရိကန်နှင့်ပွဲတွင် မိမိတို့ဂါနာအသင်းကို အသွင်သစ်ပုံစံဖြင့် မြင်တွေ့ရမည်ဖြစ်ကြောင်း ဂါနာနည်းပြ ရာတိုမီရာဒူကိုဗစ်က ပြောကြားလိုက်သည်။ အမေရိကန်အသင်းကို မိမိတို့ အနိုင်ကစားမည်ဆိုသည်ကို ကြိုတင်မပြောလိုသော်လည်း ပြိုင်ပွဲရလဒ်များက သက်သေပြလိမ့်မည်ဖြစ်ကြောင်း နည်းပြဒူကိုဗစ်က ပြောကြားလိုက်သည်။

လောလောဆယ်တွင် ဂါနာလူငယ်တိုက်စစ်မှူး အဆာမော့ဂျန် ပွဲပယ်ခံထားရသဖြင့် ယနေ့ပွဲ၌မပါနိုင်ကြောင်း သိရသည်။ ချက်အသင်းကို အနိုင်ရရှိခဲ့သည့်ပွဲ၌ ဒုတိယမြောက်အဝါကတ်ထိခဲ့သော အဆာမော့ဂျန်သည် ဖီဖာကို အသနားခံစာတင်ခဲ့သော်လည်း ဖီဖာက ပယ်ချခဲ့သည်။

အီတလီကွင်းလယ်ကစားသမား ရော့စီ။

ဂျပန်အသင်းကို အလေးထားကစားမည်ဟု ဘရာဇီးနည်းပြပြောကြား

ယနေ့ကစားမည့် ဂျပန်နှင့်ပွဲကို မိမိတို့ အလေးထားကစားသွားမည်ဖြစ်ကြောင်း၊ ဂျပန်အသင်းမှာ ကမ္ဘာ့အဆင့်မီ အသင်းဖြစ်သည်ကို မိမိတို့ လက်ခံထားကြောင်း ဘရာဇီးနည်းပြ ပရဲယားက ပြောကြားလိုက်သည်။

ဘရာဇီးအသင်း ဂျပန်ကို အရန်လူများဖြင့် ထည့်ကစားမည်ဆိုသည့်အပေါ် ဘရာဇီးအသင်းမှာ အမာခံနှင့် အရန်ဟူ၍ မရှိကြောင်း၊ အားလုံးခြေစွမ်းထက်မြက်သည့် ဘောလုံးသမားများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဩစတြေးလျတိုက်စစ်မှူးများကို ဟန့်တားရန် ပြင်ဆင်ထားပြီ

ယနေ့ကစားမည့် ဩစတြေးလျ နှင့်ပွဲတွင် ခရိုအေးရှားအသင်းအနေဖြင့် တစ်ဖက်တိုက်စစ်မှူးများ၏ ထိုးဖောက်ကစားမှုကို မည်သို့ဟန့်တားရမည်ကို မိမိသေသေချာချာ သင်ပြပေးထားကြောင်း ခရိုအေးရှားနည်းပြ ဇလတ်ကိုကရန့်ဂျ်ကာက ပြောကြားလိုက်သည်။

ဩစတြေးလျတိုက်စစ်မှူးများဖြစ်သည့် ကီးဝဲလ်၊ ဗီဒူကာ၊ သော်မဆင်တို့ကို မည်သို့ထိန်းချုပ်ဟန့်တားရမည်ကို မိမိသိရှိထားကြောင်း၊ မိမိခံစစ်မှူးများအားလည်း ပြောကြားထားကြောင်း ၎င်းက ပြောကြားသည်။

ကီးဝဲလ်သည် ဘရာဇီးနှင့်ပွဲတွင် ကွင်းလယ်ဒိုင်လူကြီး မာကွက်မက်အား ကြိမ်းမောင်းပြောဆိုမှုကြောင့် အရေးယူခံရမည်ဖြစ်သော်လည်း ယနေ့ပွဲ၌ ပါဝင်ကစားခွင့်ကို ဖီဖာက ခွင့်ပြုခဲ့သည်။

- **ကမ္ဘာ့ဖလား ၂၀၀၀ပြည့်ဂိုးကို ဆွီဒင်နှင့် အင်္ဂလန်ပွဲတွင် ဆွီဒင်တိုက်စစ်မှူး မားကပ်အောဘတ်က သွင်းယူခဲ့။**
- **အင်္ဂလန်နှင့်ဆွီဒင်ပွဲ၌ မိုက်ကယ်အိုဝင် ညာဘက်ဒူးဒဏ်ရာရရှိခဲ့ပြန်ရာ နောက်ပွဲစဉ်များ ပါဝင်ကစားနိုင်ရန် မလွယ်။**
- **အင်္ဂလန်နှင့် ဆွီဒင်ပွဲ၌ ကွင်းပြင်ပတွင် အပျော်လွန် ရမ်းကားနေသော အင်္ဂလန်ဘောလုံး ပရိသတ် ၁၅ဦးခန့်အား ကိုလုံမြို့ရဲတပ်ဖွဲ့ ဖမ်းဆီးခဲ့။**
- **တိုဂိုဘောလုံးသမားများ တောင်းဆိုထားသည့်ဆုကြေးငွေကို ဖီဖာက သဘောတူလိုက်ပြီ။**
- **ဇွန် ၂၀က ကစားခဲ့သောပါရာဂွေးနှင့် ထရီနီဒက်ပွဲတွင် ပါရာဂွေးမှ ဆန်တို့စ်၊ ဆွီဒင်နှင့်အင်္ဂလန်ပွဲတွင် ဂျိုကိုးလ်၊ ပိုလန်နှင့် ကော့စတာရီကာပွဲတွင် ပိုလန်မှ ဘိုဆာစကီး၊ ဂျာမနီနှင့် အီကွေဒေါတို့ပွဲတွင် ဂျာမနီမှ မိုက်ကယ်ဘောလက်တို့ ပွဲစဉ်အလိုက် အကောင်းဆုံးဆုများရရှိခဲ့ကြ။**

(အင်တာနက်)

တွန်ပလွန်-သရက်ကုန်းလမ်းဘေးဝဲယာ၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ပုသိမ် ဇွန် ၁၉

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တွန်ပလွန်-သရက်ကုန်းကျေးလက် ကျောက်ချောလမ်းဘေးဝဲယာတွင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၁၆ရက်က ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်၍ မြို့နယ်နှင့်ကျေးရွာအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ခြံစည်းရိုးကြက်ဆူပင်များ ပေးအပ်သည်။(အပေါ်ပုံ)

စိုက်ပျိုးပွဲတွင် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများက ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါစိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင် ၆၀၀၀ကို ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူအင်အား ၃၀၀၀ကျော်ဖြင့် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရဲကျင့်ဝတ်နှင့် စံပြရဲရေးဖြေစာမေးပွဲ မကွေး၌ကျင်းပ

မကွေး ဇွန် ၇

မကွေးတိုင်း ရဲတပ်ဖွဲ့၏ တိုင်းအဆင့် ရဲကျင့်ဝတ်နှင့် စံပြရဲ ရေးဖြေစာမေးပွဲကို မေ ၂၇ရက် နံနက် ၉နာရီ က မကွေးမြို့ အမှတ်(၅) အခြေခံပညာမူလတန်း ကျောင်း၌ ကျင်းပရာ ရဲကျင့်ဝတ်စာမေးပွဲတွင် ဒုတိယရဲမှူး ၁၀ဦး၊ ရဲအုပ် ၁၁ဦး၊ ဒုတိယရဲအုပ် ၁၂ ဦး၊ အရာခံ/အကြပ်ကြီး ၁၄ဦး၊တပ်ကြပ်/ဒုတပ် ကြပ် ၁၅ဦး၊ တပ်သား ၁၅ဦးနှင့် စံပြရဲစာမေးပွဲ တွင် ရဲအုပ်လေးဦး၊ ဒုတိ ယ ရဲအုပ်ငါးဦး၊ အရာ ခံ/အကြပ်ကြီး ငါးဦး၊ တပ်ကြပ်/ဒုတပ်ကြပ် ၁၀ဦး၊ တပ်သား ငါးဦး တို့ ဝင်ရောက် ဖြေဆို သည်။

အဆိုပါ စာမေး ပွဲသို့ မကွေးတိုင်းရဲတပ် ဖွဲ့ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သိန်းကြည်နှင့် ဒုတိယ တိုင်းရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး မြင့်တိုးတို့က ကြည့်ရှုစစ်ဆေးကြသည်။ **(၃၈၃)**

နွားထိုးကြီးမြို့မ အထက်တန်းကျောင်းခွဲ၌ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံ

နွားထိုးကြီး ဇွန် ၆

နွားထိုးကြီး မြို့မအထက်တန်း ကျောင်းခွဲ၏ ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ၊ ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်ပွဲကို မေ၃၀ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးလင်း ဦးဆောင်သော ဆရာဆရာမ၄၀ကျော်က မြို့မအထက်တန်းကျောင်းခွဲတွင် သူငယ်တန်းမှအခြေခံပညာအထက်တန်းအထိ ကျောင်းသားများကို မေ၂၅ရက်မှစတင်၍ ကျောင်းအပ်နှံရေးအထိမ်းအမှတ်အဖြစ် ကျောင်းအပ်လက်ခံကြသည်။ မြို့မအထက်တန်းကျောင်းခွဲတွင်ကျောင်းသား ၈၀၀ကျော်ရှိရာ နှစ်စဉ် ကျောင်းသားသစ် ၁၀၀ကျော်ကိုလက်ခံသင်ကြားပေးပြီး ကျောင်းအပ်နှံရေး အဆင်ပြေစေရန်ဆရာများက ကျောင်းအကျိုးတော်ဆောင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်ကြောင်းသိရသည်။ (၂၂၇)

ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုး အပင်များရှင်သန်ရန် ထိန်းသိမ်းရေးရှင်းလင်း

မြစ်ငယ် ဇွန် ၁၀

မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသိန်းထွန်းနှင့်ဦးမျိုးမြင့်တို့သည် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းဝေတို့နှင့်အတူ ဇွန်၇ရက် နံနက် ၈နာရီက အမရပူရမြို့နယ်သို့ရောက်ရှိပြီး မြို့နယ်အသင်းအတွင်းရေးမှူး ဦးအောင်ဝင်းနှင့် အလုပ်အမှုဆောင်များဦးဆောင်၍ အသင်းဝင်များက ခနုံးကျေးရွာအုပ်စု ကုလားရွာ ရွှေကျင်ကျောင်းအနီး မြေကွက်လပ်နှစ်ဧကတွင် ခြံစည်းရိုးကြက် ဆူပျိုးပင် ၂၄၀၀ စုပေါင်းစိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ကိုယ်တိုင်ပါဝင်စိုက်ပျိုးကြသည်။

အဆိုပါစိုက်ပျိုးမှုအတွက် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဝင်းက ဆောင်ရွက်လုပ်ကိုင်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသိန်းထွန်းနှင့်အဖွဲ့ဝင်များက အပင်များရှင်သန်ရန် ထိန်းသိမ်းရေးနှင့် လိုအပ်သည်များ ရှင်းလင်းပြောကြားသည်။ **(၂၀၉)**

ကြို့ပင်ကောက်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံ အလှူငွေ၊ စာအုပ်နှင့် စာရေးကိရိယာများပေးအပ်

ကြို့ပင်ကောက် ဇွန် ၃

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ၂၅ရက် နံနက်၉နာရီက ရွှေညီလာခန်းမ၌ ကျင်းပမည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလှသိန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းက ၂၀၀၆-၂၀၀၇ခု မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဌာနဆိုင်ရာများက စုပေါင်းလှူဒါန်းငွေကျပ် ၄၃၇၅၀၀ကို မြို့နယ်ဥက္ကဋ္ဌ ဦးလှသိန်းက မြို့နယ်ပညာရေးမှူးထံ ပေးအပ်လှူဒါန်းပြီး အလှူရှင်များက ကျောင်းသုံးစာအုပ်နှင့် အလှူငွေများကို ဆက်လက်လှူဒါန်းသည်။**(ယာပုံ)**

အခမ်းအနားသို့ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်ပညာရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ စေတနာရှင်ပြည်သူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(၀၄၀)**

ဆိပ်ဖြူ ထွေ/အုပ် မိသားစု ပညာသင်စရိတ်ထောက်ပံ့

ဆိပ်ဖြူ ဇွန် ၅

မကွေးတိုင်း ဆိပ်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မိသားစု ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ်အတွက် မိသားစုဝင် ဝန်ထမ်းသားသမီးများပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို မေ ၂၂ရက်က အဆိုပါရုံးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ပညာသင်ထောက်ပံ့ကြေးများကို မိသားစုဝင် ဝန်ထမ်းသားသမီး အခြေခံပညာအထက်တန်းခုနစ်ဦး၊ အလယ်တန်း ၁၇ဦး၊ မူလတန်း၁၇ဦးအတွက် ငွေကျပ် ၇၂၀၀၀ကို ပေးအပ်ရာ မိသားစုဝင် ကျောင်းသား မောင်အာကာအောင်နိုင်က လက်ခံရယူသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းနှင့်ဝန်ထမ်းများ မေ၂၅ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်ပေါင်း ၄၁၀၀၀ကို စုပေါင်းပျိုးထောင်ထားစဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကျင်းပ

ဆားလင်းကြီး ဇွန် ၁၀

ဆားလင်းကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ဇွန် ၅ရက် ညနေ ၃နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးချိုက အမှာစကားပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးရာအဖွဲ့ခေါင်းဆောင် ဒေါ်ယဉ်ယဉ်သန်းက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးချို ဦးဆောင်၍ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀ကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးဝင်းအတွင်း စိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပန်းအလှပင်များစိုက်ပျိုး

ကျောက်တံခါး ဇွန် ၁၀

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဇွန် ၅ရက်က ဒဂုန်မန်း လမ်းဘေးဝဲယာတစ်လျှောက်တွင် ပန်းအလှပင်၊ အရိပ်ရပင်များ အစားထိုးစိုက်ပျိုးခြင်းနှင့် မြို့ဝင်၊ မြို့ထွက်ဆိုင်းဘုတ်တွင် ပန်းအလှပင်များစိုက်ပျိုးခြင်းလုပ်ငန်းတို့ကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းထွန်းက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။**(မြို့နယ်စည်ပင်)**

နေပြည်တော်

ခေ့ပြု မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မိုးရာသီကာလ ရေစီးရေလာကောင်းမွန်စေရေးအတွက် ခေ့ပြုမြို့မဈေးအတွင်း ဈေးသူဈေးသားများ၊ ဈေးကော်မတီများနှင့်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ဈေးရေမြောင်းများ တူးဖော်ဆောင်ရွက်နေမှုကို မေ၂၅ရက်က ဒုတိယဦးစီးမှူး(အခွန်)ဦးဆန်းထွန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၀၈၅)

မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီ ပရိဝုဏ်အတွင်း ပြုပြင် တည်ဆောက်ရန်အတွက် ဇွန်၄ရက်က အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီး မင်းချစ်ဦး-ဒေါ်ညိုညိုဝေလွင် မိသားစုက ငွေကျပ်သုံးသိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၁၆၈)

မိုးကုတ်မြို့ ရေနီချောင်းတစ်လျှောက် ရေစီးဆင်းမှုမှန်ကန်ရေးဆောင်ရွက်

မိုးကုတ် ဇွန် ၁၅

မိုးကုတ်မြို့အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ရေနီချောင်းတစ်လျှောက် ရေစီးဆင်းမှုမှန်ကန်ရေးနှင့် ချောင်းရေလျှံမှုကြောင့် မိုးကုတ်မြို့အတွင်း ရေကြီးမှုမဖြစ်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြန်မာ့ကျောက်မျက်လုပ်ငန်းမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ စုပေါင်း၍ မေ ၂၅ ရက်မှ ဇွန် ၂ ရက်အထိ ဘီးတောင်ရပ်ကွက်၊ တောင်ကချင်ရပ်ကွက်၊ မင်္ဂလာသုခရပ်ကွက်၊ စည်ပင်သာယာရပ်ကွက်၊ မင်းတံတားရပ်ကွက်နှင့် ရွှေဘုံသာရပ်ကွက်များအတွင်းရှိ ရေနီချောင်းတစ်လျှောက်တွင် မြေကော်စက်ကြီးများဖြင့် သဲ၊ နုန်းများဆယ်တင်ခြင်း၊ မြေသယ်ယာဉ်များဖြင့် အဆိုပါ သဲ၊ နုန်းများ သယ်ဆောင် ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းခွင်များသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဟန်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်၊ မြန်မာ့ကျောက်မျက်တူးဖော်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးနှင့် တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်အသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်ပို့ချမည်

ကလေး ဇွန် ၁၅

စစ်ကိုင်းတိုင်း ကလေးမြို့ မြစည်တော်သာသနာ့ရိပ်သာတွင် နှစ်စဉ်ပို့ချမြဲဖြစ်သော အဘိဓမ္မာရိုးရိုးနှင့် ဂုဏ်ထူးဆောင် ဝိသုဒ္ဓိမဂ်စာဝါများကို ဝါဆိုလဆန်း ၁ ရက် (ဇွန် ၂၅ရက်)မှစ၍ မြစည်တော်ဆရာတော်နှင့်အတူ ဆရာတော် ဦးဇောတိက၊ ဦးဝိပုလ၊ ဦးထွန်းအောင်နှင့် ဦးသိန်းမြင့်တို့က နေ့စဉ် ညနေ ၆နာရီမှ စတင်ပို့ချပေးမည်ဖြစ်ရာ မည်သူမဆို သင်တန်းတက်ရောက်နိုင်ရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

မိုးညှင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဝန်ထမ်းများအား ပညာသင်စရိတ်ထောက်ပံ့ပွဲ အခမ်းအနားကို မေ ၂၄ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်တင်တင်အေးက အမှာစကားပြောကြားစဉ်။

(၁၅၂)

ပညာရေးမိသားစု(၁) ဆင့်ပွားဆွေးနွေး

မန္တလေး ဇွန် ၂

မန္တလေး အောင်မြေသာစံမြို့နယ် မြို့နယ်အဆင့် ပညာရေးမြှင့်တင်မှု အစီအစဉ်အရ ပညာရေးမိသားစု(၁) ဆင့်ပွားဆွေးနွေးပွဲကို မေ ၂၁ ရက် နံနက် ၉ နာရီက မန္တလေး အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အောင်ရာဇာခန်းမတွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစောမောင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက အမှာစကားပြောကြားပြီး အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်ကြင်မြက ဆွေးနွေးပွဲ စည်းကမ်းချက်များနှင့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ထို့နောက် ဆွေးနွေးပွဲကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆရာ ဆရာမကြီးများက ဆက်လက်ပို့ချ ဆွေးနွေးကြသည်။ **(၁၆၂)**

ကသာခရိုင်ရဲတပ်ဖွဲ့၏ ၂၀၀၆-၂၀၀၇ ခု ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းဝတ်စုံများပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦးက ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းဝတ်စုံများပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

တိုင်းရင်းဆေးပညာ ပြုစုမှုသင်တန်း ဟိုပင်မြို့၌ ဖွင့်လှစ်

ဟိုပင် ဇွန် ၁၅

ဟိုပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့က ကြီးမှူးဖွင့်လှစ်သည့် အိမ်ရှင်မများသို့ တိုင်းရင်းဆေးပညာဖြင့် ပြုစုစောင့်ရှောက်မှုသင်တန်း (၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၇ ရက် နံနက် ၈ နာရီက ဟိုပင်မြို့ တိုင်းရင်းဆေးကုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ချုံနွယ်များရှင်းလင်း

ကျောက်ကြီး ဇွန် ၅

ပဲခူးတိုင်း ကျောက်ကြီးမြို့စေးဒေး မောဒေး လမ်းဘေးဝဲယာ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရန် ရေမြောင်းများတူးဖော်ခြင်း၊ လမ်းတံတားများအား စစ်ဆေးပြင်ဆင်ခြင်း လုပ်ငန်းများကို မေ ၂၉ ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြသည်။

(၂၁၁)

ပညာသင်စရိတ်ထောက်ပံ့

ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၆-၂၀၀၇ ခု ပညာသင်နှစ် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၇ ရက်က ဟံသာဝတီခန်းမတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဌေးက ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်စဉ်။

(၃၈၉)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လပြည့်ကျော်(၁၃)ရက်
၂၃-၆-၂၀၀၆(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ရွှေဘိုခရိုင် ဆည်မြောင်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ)
၁၁:၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ကြက်သွန်ဖြူ)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (မနက်ဖြန်များသို့ ရင်ဆိုင်ခြင်း)

ညနေပိုင်း

၁၆:၁၀ ရာသီခါမီတေးပန်းချီ
(၁) မိုးမင်းဒေဝါ
(၂) ရွာစမ်းပါဘိတော့
(၃) မြေပြင်ကိုရွာတဲ့မိုး
၁၆:၃၀ **၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) ဆင်စီးမြင်းရံ မြင်လိုပါသည် (ခေါင်းကြီး)
(၂) အမေနှင့်သမီး (ဆောင်းပါးသရုပ်ဖော်)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ဒီအချိန်မှာ သတိပြုစရာ)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (မျက်တောင်ခတ်ခြင်း၏ သဘာဝအကြောင်း-မောင်ဆုရှင်)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မောင့်ကိုချစ်ရင် ပြုံးပြပါလား
(၂) ချစ်မုန်းသံသရာ
(၃) ပြန်လည်ဆုံဆည်းကြမယ် အချစ်ရယ်

အရာတော်မြို့နယ်၏ ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းဝါသီးနှံစိုက်ဧကပြည့်မီစွာစိုက်ပျိုးရေးအတွက် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ်အဖွဲ့ဝင်(၁) ဒုတိယရဲမှူးမြင့်ရွှေက ရပ်ကွက်နှင့် ကျေးရွာအလိုက် ဥက္ကဋ္ဌများအား တစ်ဦးချင်းတာဝန်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

သားငါးများ စနစ်တကျရောင်းချမှု ကွင်းဆင်းစစ်ဆေး

ချီဖွေ ဇွန် ၁၀

ကချင်ပြည်နယ် ချီဖွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့ပိုင် ချီဖွေဈေးအတွင်း ဈေးသည်များ သားငါးများ စနစ်တကျဖြင့် သတ်မှတ်နှုန်းထားအတိုင်း ရောင်းချမှုရှိ မရှိ အခြေအနေကို ဇွန် ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဘနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်စွာဝင်းတို့က ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

(ပြည်နယ်စည်ပင်)

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် တက/၈၁၄၆ လက်ဝယ်ရှိသူက(ကမ-၃)မိတ္တူပျောက်ဆုံးသွားပါသဖြင့် ကန့်ကွက်လိုသူများသည် (၁၅)ရက် အတွင်း ကညနပြည်နယ်ရုံး (တောင်ကြီး)သို့ ဆက်သွယ် နိုင်ပါကြောင်း။**ကညနပြည်နယ်ရုံး(တောင်ကြီး)**။

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ ပုသိမ်မြို့ မြစ်ပန်းရော ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ အောက်ပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

အခန်းအမှတ် ၂၈၊ အမှတ် ၂၆၂-၂၈၆၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ (ရေ၊ မီး၊ ဖုန်းပါ)တိုက်ခန်း။

၂။ **တင်ဒါတင်သွင်းရန် နောက်ဆုံးရက်** - ၂၈-၆-၂၀၀၆ ရက်(ရုံးချိန်အတွင်း)

၃။ **တင်ဒါပေးသွင်းရမည့်နေရာ** - အခန်း ၂၈၊ အမှတ် ၂၆၂-၂၈၆၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ (လူကိုယ်တိုင် လာရောက်ပေးသွင်းရန်)

၄။ **တင်ဒါဖွင့်မည့်ရက်နှင့်နေရာ** - ၂၉-၆-၂၀၀၆ ရက် နံနက် ၁၁:၀၀ နာရီ အမှတ် ၂၆၂-၂၈၆၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

၅။ ဝယ်ယူလိုသူများသည် တင်ဒါတစ်စုံလျှင် ကျပ် ၅၀၀၀/-နှုန်းဖြင့် တင်ဒါပေးသွင်းရမည့်နေရာတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းများနှင့် အသေးစိတ်သိလိုသော အချက်များရှိပါက မေးမြန်းနိုင်ပါသည်။ **ဥက္ကဋ္ဌ**

ရင်းနီးပစ္စည်းကုန်ရောင်းချရေးကော်မတီ

ပုသိမ်မြို့။ ဖုန်း-၀၄၂-၂၄၃၂၈၊ ၀၄၂-၂၁၁၆၁။

မိုးသည်းသည်းထဲမှာ ဂေါက်ရိုက်နိုင်ဖို့

ဂေါက်...မိုးကာအကျီရပြီ

Standard House
Golf & Accessories

အမှတ်(၉)၊ မြေ့ကျက်ရိုးပြည့်လမ်း၊ [illegible]

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်မြမေ၏ သား ဦးတင်ထွန်းသည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ **ဒေါ်မြမေ ၁၃/တကန(နိုင်)၁၁၇၄၅၃။**

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ နိုင်ငံကူးလက်မှတ် အမှတ်-၅၃၂၉၇၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ကင်ရောလုလု**

ဖုန်း-၀၁ ၅၂၇၇၀၆။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် သားကြီးဗိုလ်မှူးကြီး တင်ထွန်းအေး-ဒေါ်သင်းသင်းစိုးနှင့် မြေးမမြတ်ရွှေစင်ထွန်း၊ မပုလဲဖြူစင်ထွန်း၊ မောင်ပိုးသက်ထွန်း မိသားစုကိုယ်စား ဖခင်ဒုတိယဗိုလ်ချုပ်ကြီးအေးသောင်(ငြိမ်း)က မိခင်ကြီးဒေါ်တင်တင်အေး ဒိုက်ဦးမြို့အားရည်စူး၍ အလှူတော်ငွေကျပ် ၂၁၀၀၀၀ ကို မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းမှ အကျိုးတော်ဆောင်ဆရာတော်ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ တာဝန်ခံဒေါ်ရီလေးချိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နွေရာသီယဉ်ကျေးမှုသင်တန်းဆင်းပွဲ မင်းဘူး(စကု)၌ ကျင်းပ

မင်းဘူး(စကု) ဇွန် ၅

မင်းဘူး(စကု)မြို့နယ် အမှတ်(၁)ရပ်ကွက် မြို့တွင်းအရှေ့ကျောင်းတွင် စတုတ္ထ အကြိမ်မြောက် နွေရာသီယဉ်ကျေးမှု သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၅ ရက် ညနေ ၄ နာရီက အဆိုပါ ကျောင်းတွင် ကျင်းပရာ ဩဝါဒါစရိယဆရာတော်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လေးထပ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မသေနက ဩဝါဒကထာချီးမြှင့်တော်မူပြီး သင်တန်းနည်းပြဆရာတော် ဘဒ္ဒန္တ တိလောကက သင်တန်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်နှင့် ငွေစာရင်းရှင်းတမ်းကို တင်ပြလျှောက်ထားပြီး အခြေပြုမူလတန်းအဆင့် ပထမဆင့်အောင် ၃၆ယောက်၊ ဒုတိယဆင့်အောင် ၃၂ ယောက်၊ တတိယဆင့်အောင် ငါးယောက်တို့အား ဩဝါဒဆရာတော်များက ဆုချီးမြှင့်တော်မူကြသည်။**(ယာပုံ)** (၃၄၈)

မြို့နယ်သတင်းများ

မိုးစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီအောင်စိုက်ပျိုး ရေတာရှည်၌ မိုးသီးနှံစီမံကိန်းတာဝန်ပေးအပ်

ရေတာရှည် ဇွန် ၂၀

ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီတို့ ကြီးမှူးဆောင်ရွက်သည့် ၂၀၀၆-၂၀၀၇ ခုနှစ် မိုးသီးနှံ စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ရက် နံနက် ၁၀နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရေးမှူး ဦးတင်ငြိမ်းက ကျေးရွာအုပ်စုတစ်ခုချင်းအလိုက် မိုးစပါးတိုးချဲ့စိုက်ဧကများနှင့် ကြက်ဆူပင်များ စိုက်ပျိုးရေးကဏ္ဍအလိုက် စီမံကိန်း ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရေးတို့ကို ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံကိန်းဦးစီးမှူး ဦးဇေယျက ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်စုများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် သီးနှံစီမံကိန်းများကို ရှင်းလင်းပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးသန်းအေးက မိုးစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးတို့ကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးကျော်သန်းက ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်စု တစ်ခုချင်းအလိုက် မိုးသီးနှံစီမံကိန်းများ အကောင်အထည်ဖော်ရန် တာဝန် ပေးအပ်လွှာများကို နယ်မြေအလိုက် ပေးအပ်ကြသည်။ **(က-ပ)**

ဆင်ဘိုမြို့၌ ပေါင်းမြက်ရှင်းလင်း

ဆင်ဘို ဇွန် ၈

ကချင်ပြည်နယ် ဆင်ဘိုမြို့တွင် စည်ပင်သာယာရေးအဖွဲ့ပိုင် ရုံးဝင်းစိမ်းလန်းစိုပြည် သာယာလှပစေရန်အတွက် ရုံးရှေ့ရှိမြောင်းတွင် ပေါင်းမြက်များရှင်းလင်းခြင်း၊ ပန်းပင်များ၊ ပျိုးပင်များ ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းနှင့် ရေလောင်းခြင်းလုပ်ငန်းများကို ဇွန် ၃ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ တာဝန်ခံဦးနေလင်းက ကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။ **(ပြည်နယ် စည်ပင်)**

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အုံးတော(၁)လမ်း ပေအရှည် ၅၃၀ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခြင်းကို မေ၂၀ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကြီးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကြည့်ရှုစစ်ဆေး

မကွေးတိုင်း အထက်မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ထွေးနှင့်အဖွဲ့ မေ၂၉ရက်က မယ်ဇလီတောကျေးရွာစု ဦးခင်ဇော်၏ကျေးလက်အိမ်ရာ ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၀၇၆)



ပညာရေးဝန်ကြီးဌာနအဆင့်မြင့်ပညာဦးစီးဌာန

(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၂၆-၆-၂၀၀၆ (တနင်္လာနေ့)

- ❒ External Features and Treatment of Ascaris Lumbricoides
  - ပထမနှစ်သတ္တဗေဒအထူးပြု
- ❒ Malarial Parasites of Man
  - တတိယနှစ်သတ္တဗေဒအထူးပြု
- ❒ Learning & Methods of Practice
  - ဒုတိယနှစ်စိတ်ပညာအထူးပြု

၂၇-၆-၂၀၀၆ (အင်္ဂါနေ့)

- ❒ The Role of The Headmaster
  - B.Ed(ဒုတိယနှစ်စာပေးစာယူ ကျောင်းသား၊ကျောင်းသူများ)
- ❒ Three Focal Points
  - B.Ed(ပထမနှစ်စာပေးစာယူ ကျောင်းသား၊ကျောင်းသူများ)

၂၈-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- ❒ Transfer of Ownership
  - LL.B Final Year
- ❒ Evolution (ဆင့်ကဲဖြစ်စဉ်)
  - မဟာသိပ္ပံအရည်အချင်းစစ်
- ❒ နဝရတ်ကိုးသွယ် ရောင်စုံခြယ်
  - ပထမနှစ်(ဘူမိဗေဒ)ကျောက်မျက်ဝါသနာရှင်များ၊ အများပြည်သူ

၂၉-၆-၂၀၀၆ (ကြာသပတေးနေ့)

- ❒ မြန်မာ့စကားပြေအကြောင်း သိကောင်းစရာများ
  - ပ၊ဒု၊တနှစ်(နေ့+အဝေးသင်) မြန်မာစာ ကျောင်းသား၊ ကျောင်းသူများ
- ❒ ရောဝတီမြစ်
  - ပ၊ တနှစ်(နေ့+အဝေးသင်) ပထဝီဝင်ကျောင်းသား၊ ကျောင်းသူများ

၃၀-၆-၂၀၀၆ (သောကြာနေ့)

- ❒ မြွေအကြောင်း သိကောင်းစရာ
  - သတ္တဗေဒ ကျောင်းသား၊ ကျောင်းသူများ၊ ဝါသနာရှင်များ
- ❒ ရေနံချောင်းမြို့၊ ကျောက်စာရုံဘုရား ကျောက်စာချပ်များ
  - သမိုင်း ကျောင်းသား၊ ကျောင်းသူများ

နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ

၁-၇-၂၀၀၆ (စနေနေ့)

- ❒ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၂-၇-၂၀၀၆ (တနင်္ဂနွေနေ့)

- ❒ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တစ်နှစ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်း ၃၅၅၀ ထုတ်လုပ်နိုင်မည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၁

မန္တလေးမြို့တွင်ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၉ ရက်နံနက်ပိုင်းက အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းမှ တည်ဆောက်လျက်ရှိသော ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

ရဲရွာရေအား လျှပ်စစ်စီမံကိန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်နှင့် ဒေသခံပြည်သူများအကျိုးရှိမည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းအကြားရှိ ဝမ်းဘောဒတ် တံတားသို့ ရောက်ရှိရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တပ်မတော်အရာရှိကြီးများနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■



ရွှေကျင်ရေအား လျှပ်စစ်စီမံကိန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပေါ်တူဂီအသင်း အုပ်စုပထမရရှိ အင်ဂလန်နှင့် အီရန် တစ်ဂိုးစီသရေကျ

ရန်ကုန် ဇွန် ၂၁

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဃ) နောက်ဆုံးပွဲစဉ်များကို ယနေ့မြန်မာစံတော်ချိန် ည ၈ နာရီခွဲက ဆက်လက်ကျင်းပရာ ပေါ်တူဂီအသင်းက မက္ကဆီကိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အင်ဂလာအသင်းနှင့် အီရန်အသင်းတို့ တစ်ဂိုးစီသရေပွဲဖြစ်သွားသည်။

ပေါ်တူဂီအသင်းသည် သရေကစားရုံဖြင့် အုပ်စုပထမရရှိမည်ဖြစ်သော်လည်း ခြေစွမ်းပြကစားပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီး ၆ မိနစ်အကြာတွင် မန်နစ်ချ်က သွင်းယူပေးခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

ပေါ်တူဂီအသင်းနှင့် မက္ကဆီကိုအသင်းတို့၏ ပွဲစဉ်တွင် ပေါ်တူဂီ အသင်းအတွက် ပထမဂိုး သွင်းယူပေးသော မန်နစ်ချ်(၁၈) အား ကစားဖော်များက ဤသို့ ပွေ့ဖက် ဂုဏ်ပြုခဲ့ကြသည်။

(ဓာတ်ပုံ-အင်တာနက်)

သတင်းမှတ်စု ကိုထွေး

22-6 (20).p65 1 1/24/32, 2:28 PM